ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ စနေနေ့ (5-10-2013) (၇၆၂၄)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၄-၁၀-၂၀၁၃)

ကျောက်တော်	၃ ဒသမ ၁၅ လက်မ
ဘားအံ	၂ ဒသမ ၄၈ လက်မ
ပုသိမ်	၂ ဒသမ ၁၆ လက်မ
ငါးသိုင်းချောင်း	၁ ဒသမ ၈၉ လက်မ
မုဒုံ	၁ ဒသမ ၇၃ လက်မ
နေပြည်တော်	၁ ဒသမ ၅၇ လက်မ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများအပေါ် စိတ်ရင်းစေတနာမှန်ဖြင့် အကူအညီအထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည်

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက သံတမန်ဆက်ဆံမှု နှစ်ပေါင်း ၅၅ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည့် နယူးဇီလန်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အစဉ်တစိုက် အားပေးထောက်ခံခဲ့သည့်အတွက်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးခဲ့သည့်အတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌက မိမိဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို လေ့လာရန် ဦးစားပေးလာရောက်ခြင်း ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မမျှော်လင့်သော စိန်ခေါ်မှုများရင်ဆိုင်ကြုံတွေ့နိုင်သည်ကို မိမိတို့ မျှော်လင့်ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများအပေါ် စိတ်ရင်းစေတနာမှန်ဖြင့် အကူအညီအထောက်အပံ့များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် နယူးဇီလန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအား နယူးဇီလန်နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးနေမှု၊ မြန်မာနိုင်ငံ၌ နယူးဇီလန်နိုင်ငံမှ လုပ်ငန်းရှင်များ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယူးဇီလန်နိုင်ငံတွင် ဘွဲ့လွန်ပညာသင်ဆုများပေးအပ်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံချစ်ကြည်ရေး နွားလှည်းအလှပြိုင် ဒဂုံမြို့သူ၊ ပုဂံမြို့သူ၊ စစ်ကိုင်းမြို့သူ လှည်းယဉ်များဆုရရှိ

မူဆယ် အောက်တိုဘာ ၄

ရှမ်းပြည်နယ် မူဆယ်မြို့အခြေပြု၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သော နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်တွင် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် နွားလှည်းအလှပြိုင်ပွဲတွင် နွားလှည်းအလှပြိုင်ပွဲဝင် ရှစ်စီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်နိုင်ငံမှ ပြိုင်ပွဲဝင် နွားလှည်းအလှယဉ် ၄၉ စီးပါဝင်ယှဉ်ပြိုင်ရာတွင် ဒဂုံမြို့သူ နွားလှည်းအလှယဉ်က ပထမ၊ ပုဂံမြို့သူ နွားလှည်းအလှယဉ်က ဒုတိယ၊ စစ်ကိုင်းမြို့သူ နွားလှည်းအလှယဉ်က တတိယ အသီးသီးရရှိခဲ့ကြသည်။ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်ကို အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်ကျင်းပခဲ့ပြီး နှစ်နိုင်ငံရိုးရာ အကအလှပြအဖွဲ့များ၊ ရိုးရာတူရိယာအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ နွားလှည်းယဉ်များတွင် အလှပြမယ်များနှင့်အတူ သရုပ်ပြလှည့်လည်ကြပြီး ခတ်ပုံ၊ ပန်းချီပြပွဲများ၊ နှစ်နိုင်ငံမုန့်မျိုးစုံ နှီးနှောစားသောက်ပွဲများ၊ အားကစားပွဲများအဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲများနှင့် တရုတ်-မြန်မာရိုးရာအားကစားပြိုင်ပွဲများ၊ ဒေါင်းအကပြိုင်ပွဲများပါဝင်ခဲ့သကဲ့သို့ ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့များမှ အလှမယ် ၁၀ ဦး ယှဉ်ပြိုင်ကြကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ကြေးမုံ စာ တည်း ရှု ထောင့် — ၅-၁၀-၂၀၁၃၊ စနေနေ့

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီဖြစ်ကြောင်း နေပြည်တော်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၁ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်သည်။

မြောက်ပိုင်းဒေသမှစတင်ဆုတ်ခွာလာခဲ့သည့် မုတ်သုံလေသည် အလယ်ပိုင်းမိုးနည်းရပ်ဝန်းမှာ တာဝန်ကျေခဲ့ပြီး တောင်ဘက်ကမ်းရိုးတန်းဆီ ဆုတ်ခွာခဲ့သည်။ မြောက်ဖျားဆီမှ အေးမြသောကုန်းသည်လေ စတင်စီးဝင်လာခဲ့သည်။ မုတ်သုံအဆုတ် မြောက်ပြန်လေအေးအဝင် စပ်ကူးမပ်ကူးကာလ မပူလွန်း မအေးလွန်းကာလတွင် ကျွန်ုပ်တို့နိုင်ငံ၏သာယာလှပသော အလှတရားများကို ဖျက်ဆီးတတ်သည့် မီးဘေးအန္တရာယ်ကိုသတိထားကြရမည် ဖြစ်သည်။

ယခင်က မီးဘေးအန္တရာယ်ဆိုလျှင် ပူပြင်းခြောက်သွေ့သော နွေရာသီ၌သာ ကြုံတွေ့ရတတ်သည်။ ယခုအခါ မိုးရာသီတွင်လည်း မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည်ကို သိမြင်ခဲ့ပြီးဖြစ်သည်။ မီးဟူသမျှ "ပေါ့ဆမီး" ကြောင့် အဖြစ်များသည်။ ချက်ပြုတ်ကြော်လှော်ရာ မီးဖိုချောင်ကအစပြုတတ်သည့် ပေါ့ဆမီးသည် ယခုလျှပ်စစ်အသုံးအဆောင်ပစ္စည်းများကြောင့် နေရာမရွေး မီးလောင်တတ်သည်။ အပူလွန်ကဲ၍၊ ဝါယာကြိုးပေါက်၍၊ ဖုန်းအားသွင်း၍ စသည်ဖြင့် လျှပ်စစ်ပေါ့ဆမီးက ရိုးရိုးသာမန်မီးထက် အန္တရာယ်ဖြစ်လာသည်။

"မီးလောင်ရာလေပင့်"ဆိုသလို မီးလောင်ပြီဆိုသည်နှင့် လေကဝိုင်းကူ၍ အရှိန်အဟုန်နှင့် တစ်ခဏအတွင်း လူနေရပ်ဝန်းများ ပြာပုံဘဝရောက်သွားရသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် လမ်းကြောင်းတိုင်းမှာ ကားများ တန်းစီတိုးနေသည်။ မီးရေးထင်းရေးအရေးပေါ်လာပြီဆိုပါက မီးသတ်ကားများအတွက် အတားအဆီးဖြစ်လာနေရပြီ။ မီးလောင်နေချိန်အတွင်း တစ်မိနစ်ကအစ အချိန်ကာလသည် မီးသတ်ကားများအတွက်အရေးပါနေသည်။ အချိန်တစ်မိနစ်နောက်ကျမှုကြောင့် ဆုံးရှုံးရမည့်ပမာဏမှာ အတိုင်းအဆ၊ အကန့်အသတ်နှင့် ပြောဆိုဖို့ ခက်ခဲပါသည်။

မီးလောင်ရာသို့ မီးသတ်ကားများအချိန်မီရောက်ရှိရေးသည် "မီးဘေးရှောင်မလောင်ခင်တား" ခေါင်းစဉ်အောက်မှာ ကျွန်ုပ်တို့ ကြိုတင်စဉ်းစား အဖြေရှာကြရမည်။ "အနာသိဆေးရှိ"၍ ကြုံလာသည့်မီးဘေးအန္တရာယ်ကို ရင်ဆိုင်ရာတွင် မီးသတ်ကားအကူမရောက်မီစပ်ကြား မိမိတို့လမ်းသားလမ်းသူများ မည်သို့ဆောင်ရွက်ကြရမည်ကို ကြိုတင်စီစဉ်ကြရတော့မည်။

မကြာသေးမီက မင်္ဂလာဈေးပေါ်တွင် ရေလှောင်ကန်လေးလုံး တည်ဆောက်ပြီး မီးဘေးကာကွယ်ရေးတွင် အသုံးပြုမည့်သတင်းဖတ်လိုက်ရသည်။ အဝိုင်းအဝန်းကို တစ်ပိုင်တစ်နိုင်ကြိုတင်ပြင်ဆင်ထားခြင်းကဲ့သို့ လမ်းတိုင်း၊ ရပ်ကွက်တိုင်းတွင်လည်း ရေလှောင်ကန်များ၊ မီးသတ်ပိုက်များ၊ ရေတင်စက်များနှင့် စီစဉ်ထားသင့်ပါသည်။ ရပ်ကွက်၊ လမ်းအလိုက် လူငယ်များအား မီးသတ် သင်တန်းများပေးထားသင့်ပါသည်။

ဖြစ်လာလျှင် ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်ကို ကာကွယ်နိုင်ရေးအတွက် မီးသတ်ကားများမရောက်လာမီ မီးအရှိန်ကို ကြိုတင်ငြိမ်းသတ်၊ ကြိုတင်ထိန်းထားနိုင်ရေးအတွက် စေတနာရှင်လူငယ်မီးသတ်သမားများ၊ ရေလှောင်ကန်များ၊ မီးငြိမ်းသတ်ကိရိယာများသည် မြို့ပြ၏မီးဘေးအန္တရာယ်ကာကွယ်ရေးတွင် အရေးပါလိုအပ်လာပြီဖြစ်ပါသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်ကို စုပေါင်းအားဖြင့် ကြိုတင်ပြင်ဆင်ကာကွယ် တားဆီးခြင်းလုပ်ငန်းများဆောင်ရွက်ကြပါစို့ဟု နှိုးဆော်အပ်ပါသည်။ ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၄

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ဦးအောင်ထွန်း၊ ဒေါက်တာမြင့်ကြည်၊ ဦးခင်မောင်ရီ၊ ဒေါက်တာခင်ရွှေ၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးညွန့်တင်၊ ဦးစံထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး(ဒုတိယ မြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၆၇-၄၁၄၇၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်	ရွှေဈေး	၆၉၀၀၀၀	-	၆၉၁၀၀၀
မန္တလေး	ရွှေဈေး	၆၈၉၇၀၀	-	၆၉၀၇၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ် ရည်ညွှန်းနှုန်း

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၂၄. ၅
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၈. ၇၈
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၁. ၀၈၄
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၃. ၈၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၅. ၇၄၅
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၉၉. ၂၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၀. ၆၂၉
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၉၁၅. ၃၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၈. ၆၃

မြဝတီရုပ်မြင်သံကြား

၅-၁၀-၂၀၁၃ (စနေနေ့)

၆း၀၃	တရားတော်
၁း၅၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျက်စီဘယ်(အပိုင်း-၉)
၅း၃၀	ရွှေလမ်းငွေလမ်း သူဌေးလမ်း
၆း၁၀	စားဖိုဆောင်ချစ်သူ
၆း၃၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၅၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြင့်မြတ်စွာပေးဆပ်လေသော(အပိုင်း-၄၀) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Path Sinders " (အပိုင်း-၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခြင်းဖြင့်ဖန်ဆင်းသော" ဟင်းလျာ(အပိုင်း-၄၁)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည့် (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်၍ စက်တင်ဘာ ၃၀ ရက်တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့ပြီး ယနေ့တွင် ရန်ကုန်သို့ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်စဉ်ကာလအတွင်း Clinton Global Initiative (CGI) မှ ပြုလုပ်သည့် Myanmar: A frontier for Inclusive Growth စားပွဲဝိုင်း ဆွေးနွေးပွဲ၊ Asia Society မှ ပြုလုပ်သည့် Public Forum on responsible Investment in Myanmar's Future ဆွေးနွေးပွဲ၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများ နံနက်စာ အလုပ်သဘောဆွေးနွေးပွဲ၊ High-Level Meeting on Nuclear Disarmament အစည်းအဝေး၊ Informal ASEAN Ministerial Meeting (IAMM) အစည်းအဝေး၊ ASEAN-UN Ministerial Meeting (AUMM) အစည်းအဝေး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေး၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် Business Council for International Understanding မှ ပြုလုပ်သည့် နေ့လယ်စာ အလုပ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်ခဲ့သည်။

အထွေထွေညီလာခံ တက်ရောက်စဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် နှစ်နိုင်ငံတွေ့ဆုံမှုများအဖြစ် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီအိုကိရှိဒ၊ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး မစ္စ ဂျူလီဗစ်ရှော၊ တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက်ဒါဘူတိုလု၊ လပ်ဗီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်ဂါရင်ကီဗစ်စ်၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်ပင်းဘာ့သ်အက်ဒီ၊ ဆလိုဗက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုင်ရိုဆလပ်လကက်၊ လီသူယေးနီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီနပ်စ်လင်ကီဗီကပ်စ်၊ အိုအိုင်စီအတွင်းရေးမှူးချုပ် ပရောဖက်ဆာ အက်မီလက်ဒင် အိုင်ဆာနိုဂလု၊ ဗြိတိန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး လွှတ်တော်အမတ် မစ္စတာဟူဂိုဆွိုင်း၊ အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဝီလျံဘန်းစ်နှင့် အစ္စရေးလ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဇီးဗ်အယ်လ်တင်တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ယင်းအပြင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ ကုလသမဂ္ဂလူသားချင်း စာနာမှုအကူအညီပေးရေးရုံးအကြီးအကဲ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စ ဘယ်လ်ရယ်ရီအေမော့စ်နှင့် အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ လိုင်လာဇာရိုကွေးတို့ အသီးသီးနှင့်လည်း တွေ့ဆုံပါသည်။ တွေ့ဆုံရာတွင် နှစ်ဖက်စိတ်ဝင်စားသည့်ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ RT. Hon . David Carter ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

❀ မြန်မာ-နယူးဇီလန်မှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ- နယူးဇီလန် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေး၊ လွှတ်တော်အတွင်း ဥပဒေများရေးဆွဲပြဋ္ဌာန်းခဲ့မှုနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် တည်ဆဲဥပဒေများအား လေ့လာစိစစ်၍ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ၊ ဇနီးနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်နှင့် ဦးဌေးမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၃ ရက်က ပင်လောင်းမြို့နယ် နန်းပန်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံ ရွာသူရွာသားများနှင့် တွေ့ဆုံ၍ တစ်နိုင်ငံလုံးရှိကျေးလက်ဒေသများ၌ ရေ၊ မီး နေရာမရွေး၊ အချိန်မရွေး ရရှိရန်လိုကြောင်း၊ နွား၊ မိုး၊ ဆောင်း ရာသီမရွေးသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကျေးရွာတစ်ရွာနှင့် တစ်ရွာလိုအပ်ချက်ချင်းမတူကြောင်း၊ ကျေးလက်ဒေသအများစု၏ အဓိကလိုအပ်ချက်အခက်အခဲသည် လျှပ်စစ်မီးရရှိရေးဖြစ်ကြောင်း၊ အချို့ဒေသများတွင် လျှပ်စစ်မီးရရှိပါက ရေရရှိနိုင်ကြောင်း၊ နေရောင်ခြည်ပုံမှန်မရရှိသည့် ယခုလိုတောင်ပေါ်ဒေသများတွင် ဆိုလာမီးနှင့် အဆင်မပြေနိုင်၍ ရေအား၊ လျှပ်စစ်ဓာတ်အားဖြင့် မီးရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျေးရွာများလျှပ်စစ်မီးရရှိပါက လျှပ်စစ်မီတာခ လစဉ်ပေးချေရမည်ဖြစ်၍ နေ့စဉ်ဝင်ငွေရရှိရန် လိုကြောင်း၊ လက်ဖက်စိုက်ပျိုးရေးတစ်ခုတည်းသာမက ဝါ၊ ငှက်ပျောစိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တစ်ပိုင်တစ်နိုင်ဆောင်ရွက်သွားရန်လိုကြောင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ် တောင်ထီဗွာရွာသို့ ရောက်ရှိပြီး ဒေသခံ ရွာသူရွာသားများနှင့် တွေ့ဆုံရာတွင် လျှပ်စစ်မီးရရှိရန် ကျန်ရှိသူများအတွက် လျှပ်စစ်မီးရရှိရေးပံ့ပိုးဆောင်ရွက်ပေးခြင်း၊ စာသင်ကျောင်း၊ မူကြိုကျောင်း ပြင်ဆင်မွမ်းမံရန် လိုအပ်ငွေထောက်ပံ့ခြင်း၊ စာသင်ကျောင်းအတွက် နို့စားနွားထောက်ပံ့ပေးခြင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ် ကသည်းရွာသို့ရောက်ရှိပြီး ဒေသခံ ရွာသူရွာသားများနှင့် တွေ့ဆုံရာတွင် ကျေးရွာများ၏ အဓိကလိုအပ်ချက်ကို နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ရန် တင်ပြရန်လိုကြောင်း၊ ကျေးရွာများစဉ်ဆက်မပြတ်တိုးတက်စေရန် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ ရေ၊ မီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ပြည်သူများ၏ ခွန်အားစိုက်ထုတ်မှုပါရှိမှသာ အလေးထားတန်ဖိုးထားပြီး ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ပင်လောင်းမြို့နယ် နမ့်ဖာမူကျေးရွာတွင် ကျေးရွာလိုအပ်ချက်များဖြစ်သည့် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် စာသင်ကျောင်း၊ ဆေးပေးခန်းလိုအပ်ချက်များ၊ ဒေသနွား၊ နို့စားနွား မွေးမြူရန် ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ပျဉ်းမနားမြို့နယ် တောင်ကြပ်ရွာသို့ ရောက်ရှိပြီး ကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အမက ကျောင်းဆောင်သစ်ရရှိရေး၊ လေးခန်းတွဲ ရေလောင်းအိမ်သာ နှစ်လုံး ဆောက်လုပ်ပေးရေးနှင့် စာသင်ကျောင်းအတွက် နို့စားနွားထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။



ကလေးများ ကျောင်းနေနိုင်မှုနှင့် သင်ယူမှုပြဿနာကို ဆောလျင်စွာဖြေရှင်းဆောင်ရွက်ရမည်

ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သောပူးတွဲသဝဏ်လွှာ ဆရာများသို့ မေတ္တာရပ်ခံချက်

အောက်တိုဘာ ၅ ရက် ၂၀၁၃ ခုနှစ်

အားလုံးအတွက်ပိုမိုကောင်းမွန်သော အနာဂတ်ရှိရန်အတွက် ဆရာများသည် အရေးပါသောကဏ္ဍတွင်ရှိပါသည်။ အချက်အချာကျပါသည်။ တီထွင်ကြံဆနိုင်သော၊ တာဝန်သိသော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားများအား ဆရာများက နိုးကြားစေသည်၊ စိန်ခေါ်သည်၊ လုပ်ပိုင်ခွင့်ပေးသည်။ ဆရာများသည် ကလေးများအား ကျောင်းသို့ရောက်စေပြီး ထိုကျောင်းတွင် ကျောင်းတက်စေ၍ စာသင်ရန်ကူညီပေးသည်။ မနက်ဖြန်နှင့် လာမည့်ရာစုနှစ်အတွက် ကျွန်ုပ်တို့လိုအပ်သည့် အသိပညာအဖွဲ့အစည်းအားလုံးကို တည်ဆောက်ရန် ဆရာများက နေ့စဉ်ကူညီပါသည်။ ဤကမ္ဘာ့ဆရာများနေ့တွင် ဆရာများကိုကျေးဇူးတင်ရန် ပိုမိုကောင်းမွန်စွာ လေ့ကျင့်ထားသော၊ ထောက်ပံ့ရထားသောဆရာများဖြစ်စေရန်၊ ပြုလုပ်ပေးကြပါရန် ကျွန်ုပ်တို့အားလုံးစုပေါင်း၍တောင်းဆိုလိုက်ပါသည်။

ဆရာကောင်းတစ်ဦးကို မည်သူမျှအစားထိုး၍မရပါ။ ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် စွမ်းရည်များသည် အရည်အသွေးပြည့်မီသော ပညာရေးအတွက်အရေးကြီးဆုံးအချက်ဖြစ်သည်မှာ အထောက်အထားရှိပါသည်။ ဆရာများ၏စွမ်းဆောင်ရည်နှင့် သင်ယူမှုရလဒ်များမြင့်မားလာစေရန် ပိုမိုအားကောင်းသောလေ့ကျင့်မှုကြိုတင်ရရှိခြင်း၊ ဆရာအတတ်ပညာဆိုင်ရာ တိုးတက်မှုကို စဉ်ဆက်မပြတ်ရရှိစေခြင်း၊ အားပေးကူညီခြင်းများလိုအပ်ပါသည်။ ဤအချက်များဆောင်ရွက်ရမည်ကို သိရှိကြပါသည်။ သို့သော် ဆရာများသည် အရည်အသွေးမပြည့်ဝခြင်း၊ လစာနည်းပါးခြင်း၊ အဆင့်အတန်းနိမ့်ကျခြင်း၊ ၎င်းတို့နှင့်ပတ်သက်သော၊ ၎င်းတို့ကိုထိခိုက်သော ပညာရေးမူဝါဒကိစ္စများနှင့် ဆုံးဖြတ်ချက်များဆောင်ရွက်ရာတွင် ၎င်းတို့အားထည့်သွင်းစဉ်းစားမခံရခြင်း စသည်တို့ရှိနေပါသေးသည်။

ယခုအခါ ဆရာများ အလွန်နည်းပါးနေပါသည်။ ကမ္ဘာလုံးဆိုင်ရာအဆင့် ၂၀၁၅ ခုနှစ်တွင် မသင်မနေရမူလတန်းပညာရေးရည်မှန်းချက် အောင်မြင်စေရန်အတွက် ဆရာအရေအတွက် ၅ ဒသမ ၂၄ သန်းခန့်ထားရန်လိုအပ်ပါသည်။ ၎င်းအရေအတွက်ထဲတွင် ၁ ဒသမ ၅၈ သန်းမှာ အသစ်ခန့်ထားရမည့် ဆရာအရေအတွက်ဖြစ်ပြီး ၃ ဒသမ ၆၆ သန်းမှာ ဆရာအလုပ်မှ စွန့်ခွာသွားသူများ၏နေရာတွင် အစားထိုးရန်ဖြစ်ပါသည်။ ဤစိန်ခေါ်မှုသည် တိုးမြှင့်ခန့်ထားသော ဆရာအရေအတွက်ထက်ပိုပါသည်။ ဆရာများကို ပိုမိုခန့်ထားခြင်းဆိုသည်မှာ ပိုမိုကောင်းမွန်သော အရည်အသွေးရှိသည့် သင်ယူမှုအတွက် သင့်လျော်သောလေ့ကျင့်ပေးမှုနှင့် အထောက်အပံ့များပေးရမည်ကို ဆိုလိုပါသည်။

ဤအချက်သည် သင်ယူသူတိုင်းအရည်အသွေးပြည့်မီသော ပညာရေးရရှိနိုင်ခွင့်ကို သေချာစေသည့် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါသည်။ အထူးသဖြင့် ယခုလတ်တလောကျောင်းပြင်ပသို့ ရောက်ရှိနေသော ၅၇ သန်းသော မူလတန်းအရွယ် ကလေးများအား အခွင့်အရေးရရှိစေရန်ဖြစ်ပါသည်။ ယခုလက်ရှိခန့်မှန်းအတိုင်းအဆတွင် ၄၉ ရာခိုင်နှုန်းသော ထိုကလေးများသည် ကျောင်းသို့မရောက်ကြဘဲ ၂၈ ရာခိုင်နှုန်းသည် ကျောင်းထားနောက်ကျပြီး ၅၄ ရာခိုင်နှုန်းသော ထိုကလေးများသည် မိန်းကလေးများဖြစ်ကြသည်။ ထိုကိစ္စများနှင့် ညီတူညီမျှစိတ်ပူပင်ရမည်မှာ ၎င်းတို့၏သင်ယူမှု အဆင့်အတန်းနိမ့်ကျခြင်းဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် သန်း ၂၅၀ သော ကလေးများသည် တတိယတန်းတက်ရမည့် အရွယ်ရောက်သော်လည်း စာရေးတတ်၊ ဖတ်တတ်ခြင်းမရှိပါ။ ထိုကလေးများ၏ ထက်ဝက်ခန့်နီးပါးသည် ကျောင်းတွင် ပညာသင်ကြားနေပါသည်။ ကျောင်းနေနိုင်မှုနှင့် သင်ယူမှုပြဿနာကို ဆောလျင်စွာဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဆရာအတတ်ပညာနှင့် ပြည့်စုံသော၊ ကောင်းစွာလေ့ကျင့်ထောက်ပံ့ထားသော၊ တာဝန်ယူထားသော၊ တန်ဖိုးထားခံရသော ဆရာများမရှိပါက သင်ယူမှု မဖြစ်ပေါ်နိုင်ပါ။ သင်ယူမှုပြဿနာများကို ဖြေရှင်းရာတွင် ဆရာများသည် ပဓာနကျပါသည်။ သို့သော် ဆရာအများစုမှာ လေ့ကျင့်မှုကောင်းစွာမရရှိထားသော၊ အထောက်အပံ့မရရှိထားသောသူများဖြစ်ပါသည်။ ၎င်းတို့အား ထိခိုက်စေမည့် မူဝါဒဆုံးဖြတ်ချက်များသည် ၎င်းတို့နှင့် မပတ်သက်ပါ။ ဘေးကင်းလုံခြုံ၍ထောက်ပံ့ပေးသော သင်ယူမှုဝန်းကျင်များဖန်တီးပေးရာတွင် ဆရာများသည် အဓိကကျပါသည်။ ဆရာအတော်များများသည် အလွန်အမင်းခက်ခဲသော အရေးပေါ်ကိစ္စများနှင့် တိုက်ခိုက်မှုများသော အခြေအနေများတွင် စာသင်ကြားနေရပါသည်။

သို့သော် ကောင်းမွန်သော ရုပ်ပုံလွှာများလည်းရှိပါသည်။ ဆရာများ၏ အဆင့်အတန်းကို ကောင်းမွန်တိုးတက်စေရန် ကြိုးပမ်းမှုအမျိုးမျိုးကို တွေ့မြင်ရပါသည်။ ၎င်းတို့တွင် ဆရာအတတ်ပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသော အစီအစဉ်များ၊ ဝေးလံ၍ ချို့တဲ့သော လူ့အဖွဲ့အစည်းများတွင် အမှုထမ်းဆောင်ခြင်းအတွက် မက်လုံးပေးခြင်းများ၊ အနည်းဆုံးအခကြေးငွေဆိုင်ရာဥပဒေ၊ အလုပ်အကိုင်တိုးတက်မှုဆိုင်ရာပုံစံများ စဉ်ဆက်မပြတ်၊ ဆရာအတတ်ပညာဆိုင်ရာ တိုးတက်မှု၊ ဝေးလံသောအရပ်ဒေသများတွင် အသုံးချခံရသော အမျိုးသမီးကျောင်းဆရာများအား ထောက်ပံ့မှု၊ သက်တူရွယ်တူထောက်ပံ့မှု၊ မျိုးဆက်တစ်ခုနှင့်တစ်ခု အပြန်အလှန် သွန်သင်လမ်းညွှန်မှု၊ အသိအမှတ်ပြုဆုချီးမြှင့်မှုများ၊ ဆရာအလုပ်တိုးတက်မှုအတွက် မက်လုံးပေးမှုများ၊ ဆရာအတတ်သင်လေ့ကျင့် သင်ကြားမှုအစီအစဉ်များအတွက် ဝင်ခွင့်အဆင့်အတန်းတိုးမြှင့်ခြင်း၊ ပြည်သူလူထုအသိပညာပေးလှုပ်ရှားမှုများ အခမဲ့လေ့ကျင့်သင်ကြားမှုနှင့် အလုပ်အကိုင်ဆိုင်ရာ အပိုဆုကြေးပေးမှုများပါဝင်ပါသည်။

ဤသို့ ဆောင်ရွက်မှုများကြောင့် တူညီမှုအခွင့်အရေးနှင့်အရည်အသွေးပြည့်ဝမှုရှိစေပြီး သင်ယူမှုရလဒ်များ အမှန်တကယ် ခြားနားစွာပေါ်ထွက်လာစေမည်။ ၎င်းတို့အား အဆင့်မြှင့်တင်ခြင်းနှင့် ရှေ့သို့တက်လှမ်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဆရာများနှင့်ပညာရေးဆိုင်ရာကျောင်းများကို ထောက်ပံ့ပေးရန်နှင့် ကလေးများအားလုံး၏ ပညာသင်ကြားနိုင်မှုအခွင့်အလမ်းများ တိုးတက်စေရန် အမျိုးသားရေးကြိုးပမ်းမှုများကို ကူညီဆောင်ရွက်ရာတွင် ထိရောက်သော နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။ ဆရာများ၏ လစာနှင့်အခြေအနေသည် အရည်အသွေးပြည့်ဝသော၊ တက်ကြွသော သင်ကြားရေးလုပ်အားစုဖြင့် အရည်အသွေးမြင့်မားသော ပညာရေးကိုဖော်ဆောင်ရာတွင် အာမခံပေးနိုင်မှုကို ထင်ဟပ်စေပါသည်ဟူသောအချက်ကို ဤလုပ်ငန်းများအားလုံးက အသေအချာသိစေရမည်ဖြစ်ပါသည်။ ဤအချက်သည် အဘယ်ကြောင့် ဆရာများသည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကမ္ဘာလုံးဆိုင်ရာပညာရေး၏ ပထမဆုံးသောခြေလှမ်းတွင် အချက်အချာဖြစ်သည်ကို ဖော်ပြနေပါသည်။ ထိုခြေလှမ်းသည် ကလေးတိုင်း ကျောင်းနေနိုင်မှု၊ အရည်အသွေးပြည့်ပညာရေးရရှိမှု၊ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားဖြစ်မှု၏ အဓိပ္ပာယ်အသစ်ကိုဖော်ဆောင်မှုတို့ကို သေချာစေမည်ဖြစ်ပါသည်။

ဤသည်မှာ ယနေ့ဆရာများအတွက် ကျွန်ုပ်တို့၏ တောင်းဆိုချက်ဖြစ်ပါသည်။ ပိုမိုထိရောက်သော ပညာရေးစနစ်များကို ပုံဖော်ရန် လူငယ်များနှင့် လူကြီးများအား လူ့အဖွဲ့အစည်းတွင် တက်တက်ကြွကြွနှင့်တာဝန်ယူ၍ ပါဝင်ဆောင်ရွက်နိုင်စေရန် ပြင်ဆင်လေ့ကျင့်ပေးရန်တို့အတွက် ကျွန်ုပ်တို့နှင့် ပူးပေါင်းကာ ရှိကြသောဆရာ၊ ဆရာမများအား ကျေးဇူးတင်ခြင်း၊ ကူညီထောက်ပံ့ခြင်းများနှင့် ဆရာ၊ ဆရာမသစ်များ ဖြည့်ဆည်းခန့်အပ်ပေးခြင်းတို့ကို ပြုလုပ်စေလိုပါသည်။ ကောင်းစွာလေ့ကျင့်ထားသော၊ တန်ဖိုးထားခံရသော၊ ကူညီထောက်ပံ့ထားသော တက်ကြွသောဆရာများကပေးအပ်သော အရည်အသွေးပြည့်မီပညာရေးသည်သာ တာရှည်ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှုအတွက် ခိုင်မြဲဆုံးသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အတော်ဆုံးဖြစ်နိုင်သောဆရာကို အတန်းတိုင်းတွင် ထည့်ထားပေးရမည်။ စိန်ခေါ်မှုကို မကျော်လွှားနိုင်ပါက အနာဂတ်မျိုးဆက်သစ်များ၏ ပညာရေးသည် ဟန်ချက်မညီနိုင်ပါ။

Irina Bokova
ညွှန်ကြားရေးမှူးချုပ်၊ ယူနက်စကို

Guy Ryder
ညွှန်ကြားရေးမှူးချုပ်၊ အိုင်အယ်အို

Helen Clark
အုပ်ချုပ်ရေးမှူး၊ ယူအင်ဒီပီ

Anthony Lake
အမှုဆောင်ဒါရိုက်တာ၊ ယူနီဆက်

Fred van Leeuwen
အထွေထွေအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာပညာရေး

❖ **ရွှေဖုံးမှ**

"ဒီပွဲကျင်းပတာ အခုဆို (၁၃)ကြိမ်မြောက်ရှိသွားပါပြီ၊ ပွဲတော်လာဧည့်သည်တွေ ဟိုဘက်ဒီဘက်စည်ကားပါတယ်၊ အပြန်အလှန်ယဉ်ကျေးမှုတွေ ပြသဖလှယ်ကြတဲ့ ချစ်ကြည်ရေးပျော်ပွဲရွှင်ပွဲသဘင်လည်း ဖြစ်ပါတယ်၊ မြန်မာ့ရိုးရာ နွားလှည်းအလှပြိုင်ပွဲမှာ ဆုတွေရတော့ ဂုဏ်ယူမိပါတယ်"ဟု ပွဲတော်လာသူ တစ်ဦးက ပြောသည်။

ကျော်ဇေယျာလွင် (ရေကြည်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန
(က) ဦးကျော်ငွေ	ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန
(ခ) ဦးအောင်ဖြူ	ညွှန်ကြားရေးမှူးချုပ် သမဝါယမဦးစီးဌာန သမဝါယမဝန်ကြီးဌာန
(ဂ) ဒေါက်တာ ညီညီကျော်	ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
(ဃ) ဒေါက်တာ ဒေါ်ခင်ဆွေမြင့်	ပါမောက္ခချုပ် မန္တလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(င) ဒေါက်တာ ငွေးအောင်	ပါမောက္ခချုပ် မော်လမြိုင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(စ) ဒေါက်တာ ညွှန့်ဖေ	ပါမောက္ခချုပ် ပုသိမ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဆ) ဒေါက်တာ လှငွေး	ပါမောက္ခချုပ် ဒဂုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဇ) ဒေါက်တာ အေးကျော်	ပါမောက္ခချုပ် မကွေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဈ) ဒေါက်တာ ဒေါ်မူမူမြင့်	ပါမောက္ခချုပ် တောင်ကြီးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ည) ဒေါက်တာ ဇော်လင်း	ပါမောက္ခချုပ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဋ) ဒေါက်တာ ဒေါ်လွင်လွင်စိုး	ပါမောက္ခချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဌ) ဒေါက်တာ ငွေးလင်းမောင်	ပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဍ) ဒေါက်တာ တင်ထွန်းမြင့်	ပါမောက္ခချုပ် ရွှေဘိုတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဎ) ဒေါက်တာ မြမြအေး	ပါမောက္ခချုပ် ဘားအံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဏ) ဒေါက်တာ မြင့်လွင်	ပါမောက္ခချုပ် ကျောက်ဆည်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(တ) ဒေါက်တာ ခင်မောင်ဦး	ပါမောက္ခချုပ် ရတနာပုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်းအား အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစွာဖြင့် အောင်မြင်စွာကျင့်သုံးနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်

၁၅-၉-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တင်ပြသည့်စာတမ်း

ပြည်ထောင်စုလွှတ်တော်မှ ဦးစီးကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (၂၀၁၃)အား ဂုဏ်ပြုအခမ်းအနားသို့တက်ရောက်လာကြသော ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေ၊ လက်ရှိကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးတွင် ကျင့်သုံးနေသော ပါတီစုံဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ထိရောက်အောင်မြင်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းများတောင်းရင်း မေတ္တာပို့သအပ်ပါသည်။

ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံပေါင်း ၁၂၃ နိုင်ငံက ဒီမိုကရေစီစနစ်ကျင့်သုံးနေခြင်းကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ အစိုးရများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အစဉ်မြှင့်တင်ပေးရန်နှင့် နိုင်ငံသူ နိုင်ငံသားများအကြား ဒီမိုကရေစီစိတ်ဓာတ်အစဉ်နိုးကြားနေစေရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးမှုကို လက်ရှိအခြေအနေတွင်သာမက အနာဂတ်တွင်လည်း အစဉ်အမြဲလုပ်ဆောင်ရန်လိုအပ်ကြောင်း နှိုးဆော်သတိပေးသည့် အနေနှင့်လည်းကောင်း၊ မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါလီမန်အမတ်များသမဂ္ဂ (Inter-Parliamentary Union-IPU)မှ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဟု သတ်မှတ်၍ နိုင်ငံအလိုက် အထိမ်းအမှတ်အခမ်းအနားများပြုလုပ်ကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ထိုသို့ ဆုံးဖြတ်ထားချက်ရှိသည်နှင့်အညီ ဒီမိုကရေစီကျင့်သုံးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစတင်၍ လွှတ်တော်များ၏ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ကြရာ ယခုနှစ်တွင် (၆)ကြိမ်ရှိပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သော ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ရာ (၃)ကြိမ်ရှိပြီဖြစ်သည်။

ဘီစီ ၅ ရာစုတွင် ပေါ်ထွန်းခဲ့သော ဂရိမြို့ပြနိုင်ငံများ၏ အုပ်ချုပ်ရေးစနစ်တွင် ဒီမိုကရေစီဟူသော ဝေါဟာရကို စတင်အသုံးပြုခဲ့ကြသည်။ မူရင်းမှာ ဂရိဘာသာစကားဖြစ်ပြီး လူအများစုပါဝင်အုပ်ချုပ်ခြင်း သို့မဟုတ် လူအများ၏ သဘောဆန္ဒဖြင့်အုပ်ချုပ်ခြင်းဟု ဆိုလိုပါသည်။ ပြောင်းလဲဖြစ်ပေါ်လာသော သမိုင်းကြောင်းတစ်လျှောက်တွင် ဒီမိုကရေစီကျင့်သုံးမှုပုံစံများလည်း ပြောင်းလဲခဲ့ပါသည်။ အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်းက ဒီမိုကရေစီ အုပ်ချုပ်ရေးကို လူထုအတွက် လူထုကရွေးချယ်ထားသော လူထုအစိုးရဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ ဒီမိုကရေစီဟူသော ပင်ရင်းစကားလုံးကို အထူးပြုချက်များ ဖြည့်စွက်၍ ခေါ်ဝေါ်ကြရာ ယနေ့ကမ္ဘာပေါ်တွင် ဒီမိုကရေစီ အမျိုးအစားပေါင်း (၃၅)မျိုးရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်သူများက ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားတောင်းဆိုခဲ့ကြသည့်အတွက် ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။ ထိုသို့ပြောင်းလဲကျင့်သုံးနိုင်ရန် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလအတွင်း အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို နိုင်ငံတော်အစိုးရ၊ ပါတီစုံဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လိုလားလက်ခံကြသော ပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးက အောင်မြင်စွာကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မိမိတို့ကိုယ်တိုင်ယုံကြည်ချက်၊ ခံယူချက်များနှင့်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရရှိလာသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစွာဖြင့် အောင်မြင်စွာကျင့်သုံးနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်သည် နိုင်ငံ၏ သမိုင်းကြောင်းအစဉ်အလာ၊ ဝိသေသလက္ခဏာများ၊ တိုင်းရင်းသားများ၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်ဆီလျော်အပ်စပ်မှု၊ တိုင်းရင်းသားအားလုံးအတွက် အကျိုးရလဒ်ကောင်းများကို မျှတစွာ ဖော်ဆောင်ပေးနိုင်မှု၊ ပြည်ထောင်စုနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှု၊ တိုင်းတစ်ပါးဩဇာလွှမ်းမိုးမှု လွတ်ကင်းပြီး မိမိတို့ပြည်တွင်းရေးအား မိမိတို့ကိုယ်တိုင် ဆုံးဖြတ်လုပ်ဆောင်နိုင်မှု၊ ဥပဒေဘောင်အတွင်းတွင် လွတ်လပ်ခွင့်ကို စည်းကမ်းနှင့်အညီ ကျင့်သုံးနိုင်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သော ကိုယ်ပိုင်လမ်းစဉ်ဖြစ်သည်ဟု မိမိတို့ပါတီက ယုံကြည်သည်။ မိမိတို့၏ ကိုယ်ပိုင်လမ်းစဉ်ဖြစ်သောပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာကျင့်သုံးနိုင်ရန်အတွက် ပြည်သူများဆန္ဒပြု ရွေးချယ်ပေးထားသော ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသောလွှတ်တော်များ၊ လွှတ်တော်များမှ ရွေးချယ်အတည်ပြုထားသော အစိုးရအဖွဲ့များ၊ တရားစီရင်ရေးအဖွဲ့များသာမက လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက မိမိတို့ကျရာတာဝန်များကို တတ်နိုင်သမျှ ပိုင်းခြားဆောင်ရွက်ခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းတို့ဖြင့် ပေါင်းစည်းဆောင်ရွက်ကြရမည်ဟုလည်း ယုံကြည်သည်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (၂၀၁၃)၏ ဆောင်ပုဒ်သည် **(Strengthening Voices for Democracy) "ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံမြှင့်တင်ပေး"** ဖြစ်သည်။ ဒီမိုကရေစီစနစ်ရှင်သန်အောင်မြင်ရန် ပြည်သူများ၏ ဘဝပေးအတွေ့အကြုံ ပကတိအခြေအနေများအပေါ် ထင်ဟပ်သော အတွေးအမြင်၊ မှန်ကန်သော အတွေးအခေါ် အယူအဆများမှ ပေါ်ထွက်လာသည့် ပြောဆိုလုပ်ဆောင်မှုများသည်လည်း အထူးအရေးပါလှကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူများ၏ ဘဝ၊ ဆန္ဒ၊ ပကတိအခြေအနေများနှင့်ပတ်သက်၍ အသိဉာဏ်ပညာနှင့်ယှဉ်သောအသံများ ပေါ်ထွက်လာရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းပြီး နိုင်ငံသားများအတွင်း အမျိုးသားနိုင်ငံရေးအသိအမြင် မှန်ကန်မှု၊ မျိုးချစ်စိတ်နှင့် ဆင်ခြင်တုံတရားရှိမှု၊ ဥပဒေဘောင်အတွင်းမှ လွတ်လပ်ခွင့်ကို စည်းကမ်းတကျ ကျင့်သုံးနိုင်မှု၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်အညီ ကိုယ်စီတာဝန်ကျေပွန်မှုများရှိကြရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်အား ပျက်စီးစေနိုင်သောနိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်စေနိုင်သော မည်သည့်ဖြစ်စဉ်များ၊ မည်သည့်လှုံ့ဆော်မှုများ၊ တရားဥပဒေနှင့်မညီသော မည်သည့်အဓမ္မဖြစ်စဉ်များကိုမဆို ပါတီအနေဖြင့် မလိုလားကြောင်း ဖော်ပြလိုပါသည်။ ဒီမိုကရေစီရှင်သန်ခိုင်မာရေးအတွက် ပြည်သူအတွင်း ဒီမိုကရေစီနှင့်ယှဉ်သည့် မှန်ကန်သောအမြင်၊ မှန်ကန်သောအတွေး၊ မှန်ကန်သောအသိ၊ မှန်ကန်သော ဆုံးဖြတ်ချက်၊ မှန်ကန်သော အလုပ်များဖြစ်ပေါ်လာရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ပြည်သူများ၏ စွမ်းအားရှိသောအသံများ ပေါ်ထွက်လာရေးတို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုတင်ပြရင်း ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အား ဂုဏ်ပြုအပ်ပါသည်။

စမတ်ကတ်ဖြင့် စမတ်ကျနေသော အငြိမ်းစားများ

နောင်ချို အောက်တိုဘာ ၄

နောင်ချိုမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စမတ်ကတ်(e-pension)ဖြင့် ပင်စင်လစာများ ထုတ်ပေးနေပြီဖြစ်သည့်အတွက် ပင်စင်စားများအနေဖြင့် ဘဏ်သို့တစ်ခေါက်သာလာရောက်၍ စမတ်ကတ်ပြရုံမျှဖြင့် ငွေထုတ်ယူနိုင်ခြင်းကြောင့် အဆင်ပြေရုံသာမက ဘဏ်ဝန်ထမ်းများကလည်း စေတနာအပြည့်ဖြင့် လိုအပ်သည်များ ကူညီပေးခြင်း၊ ငွေထုတ်ယူရာတွင် လွယ်ကူမြန်ဆန်ခြင်း၊ ကျပ်စွန်းပါမကျန် လက်ခံရရှိခြင်းများကြောင့် ပင်စင်စားများမှာ ကျေနပ်ဝမ်းသာနေကြကြောင်း သိခဲ့ရသည်။

ထို့အပြင် ပင်စင်လစာ ၁၀ နှစ်ကျော်ကို ထုတ်ယူခဲ့ခြင်းမရှိဘဲ နှစ်လွန်ပင်စင်များနှင့် တိုးမြှင့်ပင်စင်လစာများကိုပါ ထုတ်ယူခွင့်ရရှိခဲ့သော အငြိမ်းစားတစ်ဦးကလည်း ယခုကဲ့သို့ လွယ်ကူလျင်မြန်လာခြင်းကြောင့် နောင်ချိုဘဏ်တွင် ငွေထုတ်ယူသည့် အငြိမ်းစားများမှာ စမတ်ကတ်ဖြင့် စမတ်ကျနေကြကြောင်း ပြောဆိုနေသည်ကို ကြားသိခဲ့ရသည်။

(အငြိမ်းစားဝန်ထမ်းတစ်ဦး)

YCDC သတ်မှတ်ချက်အတိုင်း ညီညွတ်မှုရှိ၊ မရှိ စားသုံးသူကာကွယ်ရေးအသင်းက လမ်းဘေးဆိုင်များစစ်ဆေးပညာပေးမည်

ရန်ကုန် အောက်တိုဘာ ၄

လမ်းဘေးတွင် အစားအစာရောင်းချသော ဆိုင်များအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနက သတ်မှတ်ထားသော စံနှုန်းများနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စစ်ဆေးပညာပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။ အဆိုပါ အစီအစဉ်များကို ယခုလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ပြီး အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မြောက်ဥက္ကလာ စသည့်မြို့နယ်များအတွင်းရှိ ဆိုင်များ၌ ဦးစားပေးလုပ်ဆောင်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။

"လမ်းဘေးအစားအစာရောင်းတဲ့ ဆိုင်တွေဟာလည်း အခြေခံလူထုအတွက် အားထားရတဲ့ ဆိုင်တွေဖြစ်လို့ ကျန်းမာရေးနဲ့ ညီညွတ်မှုရှိ၊ မရှိကို YCDC က ထုတ်ပြန်ထားတဲ့စံနှုန်းတွေနဲ့အညီ စစ်ဆေးပြီးတော့ ပညာပေးသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ အချို့သော လမ်းဘေးဆိုင်များသည် ရေဇလုံတစ်ခုတည်းဖြင့်သာ ဆေးကြောလုပ်ဆောင်ခြင်း၊ အစားအစာကိုင်တွယ်သည့် လက်ဖြင့် ငွေစက္ကူများ ကိုင်တွယ်ခြင်းကြောင့် စားသုံးသူများအတွက် မလိုလားအပ်သော ရောဂါအန္တရာယ်ကြုံလာနိုင်ခြင်းအပေါ် စစ်ဆေးပညာပေးသွားရန် စီစဉ်ထားခြင်းဖြစ်သည်။

ထို့အပြင် ကျောင်းမုန့်ဈေးတန်းများအတွင်း ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော အစားအစာများ၊ ဆေးဆိုးထားသော အစားအစာများ၊ ရက်လွန်အစားအစာများကို ရောင်းချခြင်းမပြုရန် ပညာပေးစစ်ဆေးဆောင်ရွက်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ပတ်သက်သော ဥပဒေပြဋ္ဌာန်းထားခြင်းရှိသော်လည်း လိုက်နာမှုအားနည်းနေခြင်းကို စစ်ဆေးပညာပေးခြင်း၊ ဥပဒေအရ ကျောင်းပရဝဏ်နှင့် ပေ ၁၀၀ အတွင်း ရောင်းချခြင်းမပြုရန်၊ အသက်(၁၈)နှစ် မပြည့်သေးသူများကို မရောင်းရန်စသည်ဖြင့် ပညာပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ထက်ခိုင်-စမ်းချောင်း)**

ဆရာများ ပညာသည်မဖြစ်စေချင်

ဒေါက်တာခင်မျိုးမြင့်ကြူ

ဆရာများကို ပညာသည်မဖြစ်စေချင်ဘူးဆိုတော့ ထူးဆန်းနေမလားဘဲ။ ကျွန်မပြောချင်တာက ပညာကိုရောင်းစားတဲ့ ပညာသည်မဖြစ်စေချင်တာပါ။

မနက်မိုးလင်းရင် ကျွန်မတို့အိမ်ရှေ့မှာ ပဲပြုတ်လို့အော်ပြီး ဈေးတောင်းခေါင်းရွက် ပဲပြုတ်သည်အမျိုးသမီးတစ်ယောက်ဖြတ်သွားလေ့ရှိတယ်။ ကျွန်မတို့မိသားစု မကြာခဏဝယ်စားလေ့ရှိတဲ့ မနက်စာအာဟာရပေ့ါ။ ပဲပြုတ်သည်လာပါဦးလို့ခေါ်လိုက်ရင် အိမ်ရှေ့ရောက်လာတယ်။ ပဲပြုတ်နှစ်ရာဖိုးပေးပါပြောရင် ကြွပ်ကြွပ်အိတ်ကလေးနဲ့ အဆင်သင့်ထည့်ထားတဲ့ ပဲပြုတ်နှစ်ရာဖိုးပေးတယ်။ ပိုက်ဆံနှစ်ရာပေးလိုက်လို့ နှစ်ရာနဲ့တန်တဲ့ ပဲပြုတ်ပြန်ပေးတာပါ။

ပဲပြုတ်သည်ဆိုတော့ ပဲပြုတ်ရောင်းတာပေ့ါ။ ဒီလိုပါပဲ ဈေးထဲရောက်သွားရင်လည်း ကန်စွန်းရွက်သည်က ကန်စွန်းရွက်ရောင်းတယ်။ တရုတ်ကန်စွန်းတစ်စည်း နှစ်ရာတဲ့။ နှစ်ရာပေးလိုက်ရင် ကန်စွန်းရွက်တစ်စည်းပြန်ပေးတယ်။ တစ်ခါတလေ ဈေးဆစ်နိုင်ရင် ငါးရာဖိုးသုံးစည်းရတဲ့အခါလည်း ရှိသလို သုံးရာဖိုး နှစ်စည်းရတဲ့အခါလည်းရှိတယ်။ ဈေးရောင်းတဲ့အခါမှာ စေတနာပါရင်တော့ ပိုကောင်းတာပေ့ါ။ ဒါပေမယ့် စေတနာမပါလည်းဖြစ်ပါတယ်။ အရောင်းအဝယ်ကတော့ဖြစ်နေမှာပဲ။ သူတို့အတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ပြည့်စုံဖို့မလိုပါဘူး။

ဆရာတွေကတော့ ဒီလိုလုပ်လို့မဖြစ်ဘူးလေ။ ကိုယ်တတ်တဲ့ပညာတွေကို ပဲပြုတ်သည်တွေလို ဈေးတောင်းထဲထည့် ခေါင်းပေါ်ရွက်ပြီးလည်ရောင်းမလား။ ဒါမှမဟုတ် တစ်ဘာသာဆို ဈေးတစ်မျိုး၊ နှစ်ဘာသာဆိုဈေးတစ်မျိုး စသည်နဲ့ ဈေးစကားပြောပြီး လျှော့ဈေးတွေ၊ ပရိုမိုးရှင်းတွေနဲ့ ပညာအရောင်းပြခန်းဖွင့်မလား။ ဒီလိုဆိုရင် ပညာသည်တွေဖြစ်ကုန်ပါလိမ့်မယ်။ တကယ်တော့ ကျွန်မတို့ဆရာတွေဆိုတာက အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆိုတဲ့ ဆရာ့ကျင့်ဝတ်ငါးပါးနဲ့ ပြည့်ဝရမယ့် အနန္တောအနန္တဂိုဏ်းဝင်တွေမဟုတ်လား။ ဒါကြောင့် ကလေးတွေကို စာသင်ကြားပေးရုံနဲ့တော့ ဆရာ့တာဝန်မကျေပွန်နိုင်ပါဘူး။ လိမ္မာယဉ်ကျေးတဲ့ ဘက်စုံ ပညာထူးချွန်တဲ့ လူကောင်းလူတော်ကလေးတွေဖြစ်လာအောင် လေ့ကျင့်ပျိုး ထောင်ပေးဖို့လည်းလိုပါတယ်။

ကျွန်မတို့ရဲ့ဆရာကြီး ဆရာမကြီး တွေဟာ ဆရာ့ဂုဏ်သိက္ခာပြည့်ဝတဲ့၊ စစ်မှန်တဲ့ ဆရာတွေဖြစ်ခဲ့ကြလို့ပါ။ အခု အချိန်အထိ ငယ်စဉ်က ဆရာကြီး ဆရာမကြီးတွေ အိမ်လာလည်ရင် အိမ်ဦးခန်းမှာ နေရာပေးမြဲပါ။ ကိုယ့် ဆရာ ဆရာမတွေ ရုံးလာလည်ရင် လည်း ကိုယ်ထိုင်တဲ့ နေရာကိုပေးပြီး ကိုယ်က ထိုင်ရမယ်ဆိုရင်တောင် စားပွဲရှေ့ကခုံမှာသာ ထိုင်ရဲတာပါ။

အရင်တုန်းက အလျှုမင်္ဂလာဆောင်တွေမှာဆို ဆရာတွေကို အိမ်ဦးခန်းမှာ၊ မဏ္ဍပ်ဦးမှာ ဧည့်ခံကြတာပါ။ နောက်တဖြည်းဖြည်းနဲ့ ဆရာ့ဘဝနိမ့်ကျလာလိုက်တာ ဆယ်စုနှစ်နှစ်ခုလောက်ရှိနေပြီ။ ဆရာအချို့ကိုယ့်ဘဝကို ကိုယ်ပြန်ဖျက်ခဲ့တာပါ။ နိမ့်ကျအောင်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ငါတို့ဆရာတွေ မြောင်းထဲရောက်နေကြရပြီလို့သာ ဝမ်းနည်းစကားပြောနေကြတယ်။ ကိုယ့်ဘဝကို ကိုယ်တိုင်ဆွဲတင်ဖို့ကြတော့ မကြိုးစားချင်ကြဘူး။ ဆရာတွေသာ ပညာသည်တွေမဟုတ်ဘဲ ပညာရှင်တွေဖြစ်ကြည့်ပါလား။ ပညာရဲရင့်ပွဲလယ်တင့်ဆိုတဲ့ စကားလည်းရှိတယ်မဟုတ်လား။ ပညာရှင်ကြီးတွေကို ဘယ်သူက မရိုမသေ လုပ်ရဲပါ့မလဲ။ မြင့်မြတ်တဲ့ဆရာဘဝကို ဘယ်သူမှ လွယ်လွယ်ကူကူနဲ့မရနိုင်ပါဘူး။ ဆရာဆိုတာ ကလေးများအတုယူစရာ စံနမူနာဖြစ်ရပါမယ်။ မှတ်မိပါသေးတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက ကျွန်မတို့အင်မတန်ချစ်တဲ့ အတန်းပိုင်ဆရာမက ဘယ်လက်နဲ့စာရေးတာ။ လက်ရေးလေးတွေက ဝိုင်းစက်ပြီး သိပ်လှတာပဲ။ ကျွန်မနဲ့ သူငယ်ချင်းတော်တော်များများက ဆရာမလို လက်ရေးလှချင်လို့ ဘယ်လက်နဲ့စာလိုက်ရေးကြတာ။ ဆရာမက ဘယ်သန်နဲ့ ညာသန်အကြောင်းနားလည်အောင်ရှင်းပြပြီး ကိုယ်သန်ရာနဲ့ လက်ရေးလှ အောင်လေ့ကျင့်ပေးခဲ့တာ။ ဆရာမရဲ့လက်က ထွက်တဲ့ ကျောင်းသားတွေရဲ့ လက်ရေးတွေက ညီညာဝိုင်းစက်ပြီးလှပကြပါတယ်။

တကယ်တော့ ကျောင်းသားတွေက ဆရာ ဆရာမတွေရဲ့ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံကအစ အရာရာကို အတုယူကြပါတယ်။ ကျွန်မတို့ငယ်ငယ်က မိဘစကားထက် ဆရာစကားကို ပိုနားထောင်ကြလို့ အိမ်မှာပြောမရရင် ဆရာမရေ၊ ဆရာမသမီးကိုပြောပါဦးဆိုပြီး ဆရာမကိုဆုံးမခိုင်းကြတယ်၊ ငယ်ရွယ်စဉ်ကလေးဘဝသူငယ်တန်းမှစလို့ ဘွဲ့တွေအမျိုးမျိုးရလာသည်အထိ သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေရဲ့ကျေးဇူးတရားတွေဟာ ကျွန်မတို့ရင်ထဲမှာ ထာဝစဉ်ကိန်းအောင်းလို့နေပါတယ်။ ဒါကလည်း ကျွန်မတို့ရဲ့ ဆရာကြီး ဆရာမကြီးတွေဟာ ဆရာ့ဂုဏ်သိက္ခာပြည့်ဝတဲ့၊ စစ်မှန်တဲ့ ဆရာတွေဖြစ်ခဲ့ကြလို့ပါ။ အခုအချိန်အထိ ငယ်စဉ်က ဆရာကြီး ဆရာမကြီးတွေ အိမ်လာလည်ရင် အိမ်ဦးခန်းမှာနေရာပေးမြဲပါ။ ကိုယ့်ဆရာ ဆရာမတွေ ရုံးလာလည်ရင်လည်း ကိုယ်ထိုင်တဲ့နေရာကိုပေးပြီး ကိုယ်က ထိုင်ရမယ်ဆိုရင်တောင် စားပွဲရှေ့ကခုံမှာသာ ထိုင်ရဲတာပါ။ ဆရာကြီးတွေကလည်း ကျွန်မတို့ကို ယနေ့တိုင်ဆိုဆုံးမဆဲ၊ နည်းပေးလမ်းပြဆဲပါ။ ကျွန်မတို့ဆရာကြီး ဆရာမကြီးတွေက ပညာသည်တွေမဟုတ်ပါဘူး။ စစ်မှန်တဲ့စေတနာရှင်၊ ပညာရှင်တွေပါ။ ပူဇော်ခံထိုက်သူတွေပါ။ ဒါကြောင့်လည်း ဆရာကြီး ဆရာမကြီးများကို ဦးထိပ်မှာထား အစဉ်ထာဝရ လေးစားနေရခြင်းဖြစ်ပါတယ်။

ခေတ်စနစ်တွေဘယ်လိုပြောင်းပြောင်း ဘယ်တော့မှမပြောင်းနိုင်တာက ကျွန်မတို့ရဲ့ယဉ်ကျေးမှုအစဉ်အလာအရ ဆရာကိုရိုသေကိုင်းရှိုင်းခြင်းပါ။ ဒါကြောင့် ဆရာတွေကို ဆရာပီသတဲ့ဆရာတွေဖြစ်စေချင်တာ၊ ရိုသေခံထိုက်သူတွေ ဖြစ်စေချင်တာ၊ စံနမူနာထားလောက်တဲ့သူတွေဖြစ်စေချင်တာပါ။ ဆရာတွေအနေနဲ့ ဘယ်ကိုပဲသွားသွား၊ ဘာကိုပဲလုပ်လုပ် အမြဲသတိရစေချင်တာက ကိုယ်ဟာဆရာဆိုတာပါပဲ။ ။

ပီတိစားကြသူများ

❖ ဆရာကောင်းတပည့်၊ လုံ့လရှိ၍
တတ်သိလိမ္မာ၊ ပညာရှာသော်
ပညာထူးချွန်၊ ပန်းကောင်းပန်၏။

❖ တပည့်ကောင်းဆရာ၊ စေတနာဖြင့်
ဝါသနာအရင်းခံ၊ အနစ်နာခံ၍
ပိုက်ဆံမရှာ၊ ရောင့်ရဲစွာလျှင်
ပညာကိုပေး၊ တပည့်မွေးသော်
အားဆေးအလား၊ တပည့်များ၏
ကျော်ကြားဘိခြင်း၊ ဂုဏ်သတင်းကြောင့်
ရင်တွင်းအေးမြ၊ မေတ္တာလှဖြင့်
တူမျှပင်လျှင်၊ အောင်ပွဲဆင်သို့
ဘဝင်သိမ့်သိမ့် ငြိမ့်တကား။ ။
နားဝင်သိမ့်သိမ့် စိမ့်တကား။ ။

ပန်းတောင်းသန်းကြွယ်

*ပြည်ထောင်စုလွှတ်တော်မှ

ယင်းသို့တင်ပြရာတွင် ပြည်တွင်းထုတ်စာနယ်ဇင်းများတွင် ဖော်ပြပါရှိခဲ့သည့် နိုင်ငံခြားဘဏ်များရှိ ဘဏ်စာရင်း(၅)ခုတွင် အမေရိကန်ဒေါ်လာ (၁၁)ဘီလီယံအား မြန်မာနိုင်ငံက အပ်နှံထားသည့်အတွက် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်က အကြွေးလျှော်မပေးခဲ့ခြင်းဆိုသောကိစ္စနှင့်စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြောကြားမှုကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၀ ရက်က ဆောင်ရွက်ခဲ့ပါကြောင်း။

အမေရိကန်ဒေါ်လာ(၁၁)ဘီလီယံအထိရှိသော ဘဏ်စာရင်း(၅)ခုကို နိုင်ငံခြားဘဏ်များတွင် မြန်မာနိုင်ငံက အပ်နှံထားသည့်အတွက် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်မှအကြွေးလျှော်မပေးခဲ့ခြင်းဖြစ်ကြောင်းကို ကမ္ဘာ့ဘဏ် အာရှဒေသဆိုင်ရာ ဒါရိုက်တာ Mr. Jelson Garcia က စက်တင်ဘာ ၁၀ ရက်က ပြောကြားခဲ့ကြောင်းဖြင့် စာနယ်ဇင်းများ၏ ဖော်ပြရေးသားချက်ပေါ်ထွက်ခဲ့ပါကြောင်း၊ အဆိုပါ ရေးသားချက်သည် မှန်ကန်မှုမရှိပါကြောင်း၊ သို့ဖြစ်ရာ ပြည်သူလူထုက အဖြစ်မှန်သိရှိနိုင်ရန်အတွက် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခဲ့ပါကြောင်း။

ကမ္ဘာ့ဘဏ်သည် ၎င်း၏ကြွေးမြီရှင်းလင်းရေးကိစ္စအတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဘဏ်များတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းများရှိခြင်းကြောင့် ကြွေးလျှော်မပေးနိုင်ကြောင်းကို ထုတ်ဖော်ပြောကြားဆွေးနွေးမှုလုံးဝမရှိခဲ့ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့သည် ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ ၎င်းတို့ရရန်ရှိသောကြွေးမြီများကို လျှော်ပေးခြင်းမရှိဘဲ ကြွေးမြီရှင်းလင်းနိုင်မည့်နည်းလမ်းကိုသာ အကြံပြုရွေးချယ်နိုင်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်ပေါ်တွင်တင်ရှိနေသော ကြွေးမြီများရှင်းလင်းရေးအတွက် ဆောင်ရွက်ခဲ့မှုများကိုတင်ပြရလျှင် ၂၀၁၂ခုနှစ် ဇူလိုင် ၂ ရက်တွင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သည် မြန်မာနိုင်ငံနှင့်ပြန်လည်ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် ဥပဒေဆိုင်ရာ အချက်အလက်များပါဝင်သည့် အကြောင်းကြားစာကို မြန်မာနိုင်ငံအစိုးရထံသို့ ပေးပို့ခဲ့ပါကြောင်း၊ အဆိုပါစာတွင် မြန်မာနိုင်ငံသို့ အကူအညီများ ပုံမှန်အတိုင်း ပြန်လည်ပေးအပ်သွားနိုင်ရန် ၎င်းအဖွဲ့အစည်းသို့ ပေးအပ်ရမည့်ကြွေးကျန်များကို အပြည့်အဝရှင်းလင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ကြွေးကျန်များ ရှင်းလင်းနိုင်ရန်အတွက် ဖြစ်နိုင်သည့်နည်းလမ်းများကို ၎င်းတို့၏အားသာချက်၊ အားနည်းချက်များနှင့်တကွ ဖော်ပြထားပါကြောင်း။

အဆိုပါနည်းလမ်း(၄)ခုမှာ မြန်မာနိုင်ငံအစိုးရအနေဖြင့် မိမိ၏ နိုင်ငံခြားအရန်ငွေမှထုတ်ယူကာ ကြွေးကျန်များ ပေးဆပ်ရှင်းလင်းခြင်း၊ အလှူရှင်များ၏ ထောက်ပံ့ငွေဖြင့် ပေးဆပ်ရှင်းလင်းခြင်း၊ အခြားအဖွဲ့အစည်း၊ နိုင်ငံတစ်ခုခုထံမှ ကာလတိုပေါင်းကူးချေးငွေရယူပြီး ပေးဆပ်ရှင်းလင်းခြင်းနှင့်ကြွေးမြီထူထပ်သည့် နိုင်ငံများကဲ့သို့ အထူးအကူအညီ ရယူပေးဆပ်ရှင်းလင်းခြင်းတို့ဖြစ်ပါကြောင်း၊ ယင်းနည်းလမ်း(၄)ချက်နှင့် ပတ်သက်၍ နည်းလမ်းတစ်ခုစီ၏ အကျိုး၊ အပြစ်များကို ထုတ်နုတ်စိစစ်သုံးသပ်ခဲ့ပါကြောင်း။

နည်းလမ်း(၁)အနေဖြင့် မြန်မာနိုင်ငံသည် အခြားအလှူရှင်များထံမှ ငွေကြေးကူညီမှု သို့မဟုတ် အခြားငွေချေးငှားမည့်သူများထံမှပေါင်းကူးချေးငွေ စသည်တို့အပေါ် မှီခိုရန်မလိုအပ်သော်လည်း အားနည်းချက်မှာ နိုင်ငံ၏နိုင်ငံခြားအရန်ငွေပမာဏကို လျော့နည်းစေပြီး နိုင်ငံ၏မက်ခရိုစီးပွားရေးစနစ် တည်ငြိမ်မှုအပေါ် ဆိုးရွားသည့်အကျိုးသက်ရောက်မှုရှိနိုင်ခြင်းဖြစ်ပါကြောင်း၊ နည်းလမ်း(၂)အနေဖြင့် မြန်မာနိုင်ငံအတွက် အခြားသောဘဏ္ဍာရေးအရင်းအမြစ်များရရှိနိုင်မည်ဖြစ်သော်လည်း အားနည်းချက်အနေဖြင့် ပမာဏများပြားသော၊ လုံလောက်သောငွေကြေးအကူအညီ၊ အထောက်အပံ့ရှိရန်ခက်ခဲခြင်းဖြစ်ပါကြောင်း၊ နည်းလမ်း(၃)အနေဖြင့် ပေါင်းကူးချေးငွေရယူပေးဆပ်နိုင်ရန် လွယ်ကူမှုရှိပြီး အားနည်းချက်မှာ ငွေကြေးလွှဲပြောင်းမှုကုန်ကျစရိတ်၊ လွှဲပြောင်းမှုနည်းလမ်းများ ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းဖြစ်ပါကြောင်း၊ နည်းလမ်း(၄)အနေဖြင့် ကမ္ဘာ့ဘဏ်၏ သတ်မှတ်ချက်အရ ကြွေးမြီထူထပ်သည့် နိုင်ငံများသို့ အထူးအကူအညီပေးနိုင်သည့် အစီအစဉ်တွင် ပါဝင်သည့် နိုင်ငံများအတွက်သာသက်ဆိုင်ပြီး မြန်မာနိုင်ငံပါဝင်ခြင်းမရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်။

သို့ဖြစ်ရာ ယင်းနည်းလမ်း(၄)ခုအား အသေးစိတ် စိစစ်သုံးသပ်ချက်အရ မြန်မာနိုင်ငံအတွက် အကျိုးရှိပြီး အဆင်ပြေလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းဖြစ်သည့် ပေါင်းကူးချေးငွေရယူ၍ ကြွေးမြီ ရှင်းလင်းသည့်နည်းလမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

စာနယ်ဇင်းတွင် ဖော်ပြချက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်က သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်တွင် "Mr. Jelson Garcia သည် NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Bank Information Center (BIC)တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးသာဖြစ်ပြီး ကမ္ဘာ့ဘဏ်အဖွဲ့အစည်းနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့်အပြင် ကမ္ဘာ့ဘဏ်အဖွဲ့အစည်း၏ ကိုယ်စားပြုပြောရေးဆိုခွင့်ရှိသူ တစ်ဦးလည်းမဟုတ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ ကြွေးကျန်များကို ရှင်းလင်းရန်နှင့် နှစ်ရှည်အတိုးမဲ့ချေးငွေများကို ပြန်လည်ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသည်မဟာဗျူဟာမြောက်သည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုနှစ်ရှည်အတိုးမဲ့ချေးငွေများကို မြန်မာပြည်သူများ အကျိုးခံစားခွင့်ရရှိနိုင်မည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ထိုဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံအစိုးရအနေဖြင့် စီးပွားရေးဆိုင်ရာဖိအားများဖြစ်ပေါ်လာနိုင်သည့်ကာလတွင် ဂရုပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုရရှိစေမည့် အပေါင်းလက္ခဏာတစ်ရပ်ဖြစ်ခဲ့ပါကြောင်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ချောမွေ့လွယ်ကူစေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများကို တည်ငြိမ်အောင် စီမံဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရပ်ခြားဘဏ်စာရင်းများထားရှိခြင်းသည် နိုင်ငံတော်အစိုးရများ ပုံမှန်လုပ်ငန်းတစ်ရပ်ဟု ကမ္ဘာ့ဘဏ်က ယူဆကြောင်း"ဖြင့် ဖော်ပြထားပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံခြားအရန်ငွေကြေး တရားဝင်ထိန်းသိမ်းထားရှိကြပြီး မိမိနှင့်အဆက်အသွယ်ပြုရာဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ကာ ကုန်သွယ်မှုဆိုင်ရာငွေပေးငွေယူကိစ္စများ ဆောင်ရွက်ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း တရားဝင်နိုင်ငံခြားအရန်ငွေကြေးကိုသာ ဗဟိုဘဏ်၊ အစိုးရဘဏ်နှင့် နိုင်ငံခြားဘဏ်များတွင် စာရင်းဖွင့်လှစ်ထားရှိကြောင်းကို ဗဟိုဘဏ်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

သို့ဖြစ်ရာ မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ(၁၁)ဘီလီယံရှိသော ဘဏ်စာရင်း(၅)ခုကို နိုင်ငံခြားဘဏ်များတွင် အပ်နှံထားသည့်အတွက် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအပေါ် အကြွေးလျှော်မပေးခဲ့ခြင်းဆိုသည့်ဖော်ပြချက်မှာ မှားယွင်းပါကြောင်းနှင့် ကမ္ဘာ့ဘဏ်၏ကြွေးမြီရှင်းလင်းရေးလုပ်ငန်းစဉ်အား ကမ္ဘာ့ဘဏ်၏စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံအတွက် အသက်သာဆုံး၊ အဆင်ပြေဆုံးနှင့် လျင်မြန်စွာဖြေရှင်းနိုင်သည့် နည်းလမ်းကို ဆုံးဖြတ်ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကြွေးမြီရှင်းလင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် ကြွေးမြီရှင်းလင်းခြင်းကို ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပဥ္စမနေ့၌ တင်ပြအတည်ပြုချက်ရယူခဲ့ပါကြောင်း။

ဂျပန်နိုင်ငံနှင့်ကြွေးမြီရှင်းလင်းရန် ဆွေးနွေးစဉ်ကပင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့နှင့်ကြွေးမြီရှင်းလင်းနိုင်ရန် တစ်ပြိုင်နက်တည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့နှင့် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများထံမှ ရယူထားသော ချေးငွေများအတွက် ကြွေးမြီလက်ကျန်များ ရှင်းလင်းရေးဆောင်ရွက်မည့်အစီအစဉ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင်ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

နဝမနေ့၌ တင်ပြအတည်ပြုချက်ရယူခဲ့ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့နှင့်ကြွေးမြီရှင်းလင်းရန်အတွက် နည်းလမ်း ရွေးချယ်ရာတွင်လည်း နည်းလမ်း(၄)ခုအနက် တတိယနည်းလမ်းဖြစ်သော "ပေါင်းကူးချေးငွေရယူခြင်းဖြင့် ပေးဆပ်ခြင်း"ကို အဆိုပြုရွေးချယ်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ ၂၀၁၂ ခုနှစ် ဇူလိုင်(၂၇)ရက်တွင် ခွင့်ပြုချက်ရရှိခဲ့ပါကြောင်း၊ ပြည်ပကြွေးမြီရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ ဂျပန်နိုင်ငံတို့နှင့် ကြွေးမြီရှင်းလင်းခြင်းကိစ္စသည် ပြီးစီးပြီဖြစ်ပါကြောင်း၊ ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများနှင့် ကြွေးမြီရှင်းလင်းခြင်းတွင်မူ နော်ဝေနိုင်ငံ၊ အီတလီနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား သဘောတူညီချက်ရရှိပြီးဖြစ်ပါကြောင်း၊ ဒိန်းမတ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့အပိုင်းတွင် ယင်းတို့ဘက်မှ ဆောင်ရွက်ရမည့်ကိစ္စများ မပြီးပြတ်သေးသည်ကို သိရှိရပါကြောင်း၊ ဆောင်ရွက်ပြီးစီးပါက နှစ်နိုင်ငံအကြား ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းနယ်ပယ် (၇)ရပ်ဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တို့တွင် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာမှအကူအညီ အထောက်အပံ့များ များစွာလိုအပ်ပါကြောင်း။

ယခုကဲ့သို့ ကြွေးမြီများကိုရှင်းလင်းနိုင်ခဲ့သည့်အတွက် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိ နိုင်ငံအဖြစ် ပြန်လည်အသိအမှတ်ပြုခံရခြင်း၊ နိုင်ငံတော်အနေဖြင့် ပေးဆပ်ရန်အချိန်စေ့ရောက်သော်လည်း မပေးချေရသေးသော ကြွေးမြီများအား နိုင်ငံတော်တွင် လက်ငင်းဝန်ထုပ်ဝန်ပိုးကြီးမားစွာမရှိဘဲ ရှင်းလင်းနိုင်ခြင်း၊ နိုင်ငံတော်အနေဖြင့် ကြွေးဟောင်းကို ကြွေးသစ်ပုံစံပြောင်းကာ အတိုးနှုန်းသက်သာပြီး ပြန်ဆပ်ကာလကြာရှည်သော ချေးငွေများကိုပြန်လည်ရရှိခြင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်သည့်လုပ်ငန်းများတွင် နိုင်ငံတကာမှ နည်းပညာကူညီမှုများ၊ ငွေကြေးထောက်ပံ့ကူညီမှုများနှင့် အလွန်သက်သာသောချေးငွေအသစ်များရရှိခြင်းစသည့် အကျိုးကျေးဇူးများ ခံစားလာရသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ အောင်မြင်စွာဖြစ်ထွန်းလာပြီဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟို

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်။

ဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်ကလည်း မြန်မာနိုင်ငံ၏ နိုင်ငံခြားသုံးသီးသန့်ငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ ပြည်ပရှိ ၎င်းတို့၏ အဆက်အသွယ်ဘဏ်များတွင် ဘဏ်ငွေစာရင်းများ(Nostro Accounts) ဖွင့်လှစ်၍ အပ်နှံထားရှိပြီး မြန်မာနိုင်ငံ၏ပြည်ပစီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် နေ့စဉ်ပေးချေမှုနှင့်စာရင်းရှင်းလင်းမှုများအတွက် အသုံးပြုပါကြောင်း၊ ပြည်ပရှိ Nostro ဘဏ်ငွေစာရင်းလက်ကျန်များနှင့် ပြည်တွင်းဘဏ်များလက်ဝယ်ရှိ နိုင်ငံခြားသုံးငွေလက်ကျန်ငွေသားများ၏ စုစုပေါင်းလက်ကျန်မှာ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ(၇ ဒသမ ၆)ဘီလီယံခန့်ရှိပါကြောင်း။

ယခုပြောဆိုနေကြသည့် (၁၁) ဘီလီယံရှိသည့် ငွေစာရင်း(၅)ခုအကြောင်းကို မိမိတို့မသိရှိပါကြောင်း၊ သို့ပါ၍ ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနှင့်ပုဂ္ဂလိကဘဏ်များရှိ နိုင်ငံခြားသုံးသီးသန့်ငွေ လက်ကျန်ပမာဏနှင့် (၁၁)ဘီလီယံရှိသည့်စာရင်း(၅)ခုတို့ ဆက်စပ်သက်ဆိုင်ခြင်းမရှိပါကြောင်းဖြင့် တင်ပြခဲ့သည်။

ဖော်ပြပါရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်ခဲ့ပြီး ယင်းကိစ္စအပေါ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက "ရေးလိုက်တဲ့ မီဒီယာကတော့ (၁၁) ဘီလီယံလို့ပြောထားတယ်။ ဒါပေမယ့် ဗဟိုဘဏ်ဥက္ကဋ္ဌကတော့(၇ ဒသမ ၆) ဘီလီယံလို့ပြောသွားတယ်။ ကျန်တဲ့ (၃ ဒသမ ၄)ဘီလီယံဟာ ဗဟိုဘဏ်နဲ့ အဆက်အစပ်မရှိဘူးဆိုတာတော့ သေချာတယ်။ ဒီဟာနဲ့ ပတ်သက် လို့ ပြည်ထောင်စုလွှတ်တော်မှာ တရားဝင်ရှင်းလင်းပြီး မှတ်တမ်းတင်တဲ့အတွက် ပြည်သူလူထုလည်း အားလုံးထင်သာမြင်သာရှိတယ်။ နောင်မှာလည်း ဒီလိုကိစ္စမျိုးတွေကို ထင်သာမြင်သာရှိအောင် ပွင့်ပွင့်လင်းလင်း ပြည်သူကို ချပြမယ်ဆိုရင် ဒီလိုကိစ္စမျိုးတွေဟာ နောင်ဖြစ်ပေါ်လာလိမ့်မယ်လို့ မထင်ပါဘူး။

ရှင်းလင်းချက်တွေအပေါ်လည်း ဘဝင်ကျမှုရှိပါတယ်။ ဒါကတော့ တကယ်လုပ်နေတဲ့ ဝန်ကြီးဌာနကနေ ရှင်းလင်းသွားတဲ့ဟာကိုပဲ လက်ခံအတည်ပြုရမှာဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နေကြတဲ့အပေါ် ပြည်ထောင်စုလွှတ်တော်မှာ လာရောက်ရှင်းလင်းသွားတဲ့ဟာကို တရားဝင် သတ်မှတ်ပါတယ်။ ဒီလို တရားဝင် သတ်မှတ်တဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ ကျေနပ်မှုရှိပါတယ်" ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ကျင်းပမည့်ရက်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅-၁၀-၂၀၁၃ (စနေနေ့)

၅း၄၀	"မဟာသတိပဋ္ဌာန်သုတ်"တရားတော် (အပိုင်း-၁) [အရှင်ပညာသီဟာဘိဝံသ]	၈း၃၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၇၄)
၁၁း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း	၃း၄၀	အနုပညာနှင့်နည်းပညာ ပေါင်းစပ်ဖန်တီးထားတဲ့ကမ္ဘာလေး
၆း၂၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ"(အပိုင်း-၉၃)	၄း၅၀	ဆင်းရဲနွမ်းပါးမှုကင်းဝေးဖို့ သစ်မွေးစိုက်ကြစို့

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Elche - Espanyol	(Star Sports)
၁၁း၃၀	Rayl Vallecano-Real Sociedad	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂း၃၀	Levante-Real Madrid	(Star Sports) (MRTV-4)
၂း၃၀	Barcelona-Real Valladolit	(Star Sports)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးစ်ပြည်နယ်ရှိ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ဖော်ဆောင်ထားမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၄

ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးစ်ပြည်နယ်သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ခေတ္တတည်းခိုရာ အန်းဝဲ့သ်မြို့ Hilton ဟိုတယ်မှ ဖလန်းဒါးစ်ပြည်နယ် Mechelen ရှိ IVAREM ကုမ္ပဏီသို့ ရောက်ရှိရာ ဖလန်းဒါးစ်ပြည်နယ် ပတ်ဝန်းကျင်ရေးရာ၊ သဘာဝနှင့် စွမ်းအင်ဌာနအတွင်းရေးမှူးချုပ် Mr. Jean- Pierre Heirman က ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ လည်းကောင်း၊ ဖလန်းဒါးစ်ပြည်နယ် Public Waste Agency (OVAM) မှ Ms. Anne Vandeputte က စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ IVAREM ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ် Ms. Marijke Herinckx က ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် IVAREM ကုမ္ပဏီရှိ ဥယျာဉ်ခြံ မြေထွက်စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းအမျိုးမျိုးအား စီမံခန့်ခွဲမှု၊ နေရောင်ခြည်သုံး ဆိုလာပြားများမှ (၁ ဒသမ ၁) မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်သည့် တာဘိုင်စက်များ လည်ပတ်မှုနှင့် ပတ်သက်၍ လက်တွေ့ဆောင်ရွက်ထားရှိသည့် Container Park၊ Aftercare Landfill နှင့် Composting Plant များသို့ လှည့်လည်လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် ဖလန်းဒါးစ်ပြည်နယ် Mechelen ရှိ AQUAFIN ကုမ္ပဏီသို့ ရောက်ရှိရာ AQUAPLUS ကုမ္ပဏီ နိုင်ငံတကာ စီမံကိန်းများဆိုင်ရာ Account Manager ဖြစ်သူ Mr. Herman De Schamphelaere နှင့် တာဝန်ရှိသူတို့က AQUAFIN ကုမ္ပဏီနှင့် ယင်း၏ ရာနှုန်းပြည့် ပံ့ပိုးမှုခံယူထားသည့် AQUAPLUS ကုမ္ပဏီတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။ ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် AQUAPLUS ကုမ္ပဏီ၌ ဓာတုနည်း၊ သဘာဝနည်း စသည့် နည်းလမ်းများကို အသုံးပြုလျက် စွန့်ပစ်ရေဆိုးအား ရေသန့်အဖြစ်သို့ ပြုပြင်သန့်စင်မှုများကို လေ့လာကြည့်ရှုခဲ့သည်။

ဆက်လက်၍ ဖလန်းဒါးစ်ပြည်နယ်အတွင်း စွန့်ပစ်ပစ္စည်းများအား စဉ်ဆက်မပြတ် စီမံပြုပြင်ခန့်ခွဲမှုကို ဆောင်ရွက်သည့် Hooge Maey ကုမ္ပဏီသို့ ရောက်ရှိရာ Hooge Maey ကုမ္ပဏီဒါရိုက်တာ Mr. Daniel Dirickx နှင့် တာဝန်ရှိသူတို့က စွန့်ပစ်ပစ္စည်းများအား စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍လည်းကောင်း၊ ယင်းတို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေသည့် စွမ်းအင်ထုတ်လုပ်မှုတို့နှင့် ပတ်သက်၍ လည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။ ယင်းနောက် Hooge Maey ကုမ္ပဏီမှ စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ယင်းတို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေသည့် စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍လည်းကောင်း လေ့လာကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

❑ **ဒုတိယသမ္မတမှ**

ထို့နောက် ဖလန်းဒါးစ်ပြည်နယ်ရှိ De Water-groep ကုမ္ပဏီအောက်ရှိ Kluizen ရေသန့်စင်ရေးအဆောက်အအုံကို သွားရောက်လေ့လာရာ ပြည်ပဆက်ဆံရေးရာ ညွှန်ကြားရေးမှူး Mr. Frederik Looten၊ အကြီးတန်းစီမံကိန်းမန်နေဂျာ Mr. Ortwin Deroo အပါအဝင် တာဝန်ရှိသူများက ဖလန်းဒါးစ်ပြည်နယ် အတွင်းရှိ နယ်မြေ(၅)ခုအနက် (၄)ခုတို့၌ လုပ်ငန်းများဆောင်ရွက်မှု အခြေအနေ၊ ရေလှောင်ကန်များ ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ရေသန့်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အရည်အသွေး၊ အရည်အချင်းနှင့် ဝန်ဆောင်မှု စသည့် စိန်ခေါ်မှု (၃)ရပ်နှင့် ရင်ဆိုင်ရမှုအခြေအနေ၊ နောင်လာမည့် မျိုးဆက်များအတွက် ရည်မှန်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ထားရှိချက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် Kluizen ရေသန့်စင်ရေး အဆောက်အအုံ ဝင်းအတွင်း လှည့်လည်လေ့လာကြည့်ရှုသည်။

ယင်းနောက် DEME ကုမ္ပဏီသို့ သွားရောက်ခဲ့ရာ DEME ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Alain Bernard၊ အထွေထွေမန်နေဂျာ Mr. Philip Hermans အပါအဝင် တာဝန်ရှိသူများက ကမ္ဘာ့ဒေသအနှံ့အပြား၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၌ ၎င်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရန်ကုန်မြစ်ထိန်းသိမ်းရေးနှင့် သောင်တူးရေးလုပ်ငန်း၊ သောင်တူးရာမှ ထွက်ရှိလာသည့် သဲများကို သီလဝါ အထူးစီးပွားရေးဇုန်၌ ပြန်လည်အသုံးချနိုင်မှု၊ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် ငွေကြေးကုန်ကျခံရန် မလိုအပ်ဘဲ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သူများ (Developers) မှ ကျခံသွားရန် အခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် CFE ကုမ္ပဏီမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား တရုတ်နိုင်ငံမှ နည်းပညာနှင့် စက်ပစ္စည်းများ ကူညီထောက်ပံ့ရေးညှိနှိုင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံး၊ စီးပွားရေးသံမှူး Mr.Jiang Yingang နှင့် အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီထောက်ပံ့ပေးခဲ့သော စက်ပစ္စည်းကိရိယာများ၊ မီး/အသံစနစ်ဆိုင်ရာများ၊ ဇာတ်ခုံပိုင်းဆိုင်ရာ ပစ္စည်းများနှင့် နည်းပညာပိုင်းဆိုင်ရာများအား (၇)ကြိမ်မြောက် မသန်စွမ်းအားကစား ပြိုင်ပွဲတွင် ဆက်လက် ကူညီထောက်ပံ့နိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ခေတ်နှင့်အညီ တိုးတက်အကျိုးရှိသော ဆေးပညာတစ်ရပ်ဖြစ်ရေး မြှင့်တင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ကို နည်းနာနိဿယသုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းများအတွက် ဘဏ္ဍာငွေကို တိုးမြှင့်ခွဲဝေချထားပေးခြင်းဖြစ်ကြောင်း ယနေ့ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ထို့ပြင်ဝန်ကြီးက ယခုအစိုးရလက်ထက်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပေးရာ၌ ပွင့်လင်းမြင်သာမှုရှိခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတစ်ရပ်လုံး ကျန်းမာအသက်ရှည်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍မရနိုင်ပါကြောင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပမှ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကြီးကြပ်မှုနှင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်မှု အောင်မြင်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေဖြင့် ပြည်သူ လူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက်လိုအပ်သော ဆေးဝါးများ ဝယ်ယူရာတွင်လည်း နေရာဒေသအလိုက် လိုအပ်ချက်ကွာခြားမှုရှိပြီး ဘက်ပေါင်းစုံမှ အားလုံးပါဝင်ညှိနှိုင်းဝယ်ယူနိုင်ရေးအတွက် ဆေးရုံအုပ်ကြီးများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးတို့မှ အလေးထားပြီး ကြီးကြပ်အကောင်အထည်ဖော်သွားရန်လိုကြောင်း။

တိုင်းရင်းဆေးပညာကဏ္ဍတွင်လည်း အခြားနိုင်ငံများ၏ ရိုးရာပညာရပ်များနှင့်ယှက်နွယ်ခြင်းမရှိစေဘဲ မိမိတိုင်းပြည်၏ တိုင်းရင်းနည်းပညာသက်သက်ဖြင့် ခေတ်နှင့်အညီတိုးတက် အကျိုးရှိသော ဆေးပညာတစ်ရပ်ဖြစ်ရေးမြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆေးသုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများကို အမှန်တကယ်ဖြည့်စွမ်း၊ ဖြေရှင်းပေးနိုင်သည့် သုတေသနဖြစ်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို တင်ပြကြရာ ဒုတိယဝန်ကြီးများက သုံးသပ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နံနက်အစော ယာဉ်နှစ်စီး မီးပွိုင့်၌ အရှိန်လွန်တိုက်မိ

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်မြို့ အလံပြဘုရားလမ်းမှ ဆင်းလာသော ယာဉ်အမှတ် ၃ယ/----မာဇဒါ အနက်ရောင်ယာဉ်နှင့် ဗိုလ်ချုပ်လမ်းပေါ်မှ မောင်းနှင်လာသော ယာဉ်အမှတ် ၂စ/---- Ractis အနက်ရောင်ယာဉ်တို့ ယနေ့ နံနက် ၄ နာရီခန့်တွင် ဆူးလေမီးပွိုင့်၌ အရှိန်လွန်တိုက်မိရာ **(အောက်ပုံ)** မှ ယာဉ်ပေါ်ပါရှိသူထဲမှ ၁၀ ဦး ဒဏ်ရာရရှိခဲ့ပြီး လေးဦးအား ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောရောဂါကုဌာနသို့ (အတွင်းလူနာ) အဖြစ် ပို့ဆောင်ကုသထားကြောင်း သိရသည်။ **(မြေဇု)**

လျှပ်စစ်မီးအလင်းရောင်အသုံးပြုမှု ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၄

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို သတိပြုမိစေရန်နှင့် ဒေသတွင်း လျှပ်စစ်မီးသုံးစွဲမှုပမာဏ ပိုမိုမြင့်တက်လာမှုတို့ကို တုံ့ပြန်ဖြေရှင်းပေးနိုင်ရန်အတွက် Green Technology (အစိမ်းရောင်နည်းပညာ) သုံး အလင်းပေးပစ္စည်းများကိုသာ ရွေးချယ်အသုံးပြုသင့်ကြောင်း အောက်တိုဘာ ၄ ရက်က Summit Parkview ဟိုတယ်၌ ပြုလုပ်သည့် Eco Light Tech Asia 2013 Press Conference တွင် ကျွမ်းကျင်သူ ပညာရှင်များက တိုက်တွန်းပြောကြားခဲ့သည်။

"အလင်းရောင် ရဖို့အတွက် လျှပ်စစ်မီးကိုအသုံးပြုတဲ့သူတွေက သုံးတဲ့မီးသီး၊ မီးလုံးက Eco System ကို မထိခိုက်ဘဲ စွမ်းအင်သုံးစွဲမှုလည်း နည်းပြီး သဘာဝပတ်ဝန်းကျင်နဲ့လည်း သဟဇာတဖြစ်စေမယ့် ပစ္စည်းမျိုးဖြစ်သင့်ပါတယ်" ဟု ထိုင်းနိုင်ငံ N.N.C Development and Management Co;Ltd. ၏ အကြီးတန်းဒုတိယဥက္ကဋ္ဌ Mr. Panithan Bumrasarinpai က အဆိုပါကွန်ဖရင့်တွင် ပြောကြားသည်။

ထို့အပြင် မြန်မာ့စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ အထွေထွေ အတွင်းရေးမှူး ဦးကိုကိုလွင်ကလည်း "ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့တဲ့ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းရဲ့ အကျိုးသက်ရောက်မှုကြောင့် ဒေသတွင်း စီးပွားရေးမှာတိုးတက်လာပါတယ်။ ဒါ့အပြင် ကမ္ဘာ့စီးပွားရေး ပညာရှင်တွေရဲ့ တွက်ချက်မှုအရ မြန်မာ့စီးပွားရေးက လေးဆလောက် တက်လာနိုင်တယ်။ လက်ရှိအခြေအနေနဲ့ရော နောင်တိုးတက်လာမယ့် စီးပွားရေး အခြေအနေအရပါ စွမ်းအင်သုံးစွဲမှုက ပိုပြီးများလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စွမ်းအင် လိုအပ်ချက်နဲ့ စွမ်းအင်အသုံးပြုမှုများပြားလာမယ့်အချက်ကို ဖြေရှင်းနိုင်ဖို့ကတော့ Eco Light Technology ပဲ ဖြစ်ပါတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့အနေနဲ့ Electronic Industry ထက် တိုက်ရိုက် ထိုးဖောက်ဝင်နိုင်ပါလိမ့်မယ်" ဟု အမြင်နှင့်အတွေ့အကြုံအရ သုံးသပ်ပြောကြားခဲ့သည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အစိမ်းရောင် နည်းပညာများဖြင့် တီထွင်ထုတ်လုပ်ထားသော စွမ်းအင်ချွေတာသုံး စွမ်းအားမြင့် မီးသီးများ၏ ကုန်စည်ပြပွဲကို ယခုနှစ် နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီဟသူ)**

ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၄

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ (၆၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် ရောက်ရှိနေသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး၊ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌတို့ အကြားကျင်းပသည့် အစည်းအဝေး နှင့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ဆွေးနွေးခြင်း၊ အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက်ထုတ်ပြန်ရေးကိစ္စ၊ အာဆီယံနိုင်ငံများမှ ကုလသမဂ္ဂတွင် ကိုယ်စားလှယ် အမည်စာရင်း တင်သွင်းသည့်ကိစ္စ၊ အာဆီယံ-ကုလသမဂ္ဂ ကျယ်ပြန့်သောမိတ်ဖက်ပြုမှုအား ပြန်လည်သုံးသပ်သည့်ကိစ္စ၊ အာဆီယံ-အမေရိကန် မိတ်ဖက်ဆက်ဆံရေးကိစ္စရပ်များ၊ ကျင်းပရန်ရှိသည့် ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးဆိုင်ရာကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌတို့အကြား ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ရာ အာဆီယံ-ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်များကို ပြန်လည်သုံးသပ်ကာ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ်အလွန် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် အာဆီယံမှ ယခုအခါ ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့သည် များစွာဆီလျော်မှုရှိကြောင်း၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုတွင် စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေး၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု နယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အားပေးထောက်ခံမှုအပေါ် ကျေးဇူးတင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဝါးဒေါ့ဖ်အက်စတိုးရီးယား ဟိုတယ်၌ ကျင်းပသော အာဆီယံ-အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အမေရိကန်၏ ခိုင်မာသော၊ လုံခြုံမှုရှိသော၊ ကြွယ်ဝသော အရှေ့တောင်အာရှ ပေါ်ထွက်ရေးအတွက် အမေရိကန်နိုင်ငံ၏ ကတိကဝတ်ပြုမှုနှင့် သမ္မတ အိုဘားမား၏အာဆီယံနှင့်ထိတွေ့ဆက်ဆံမှုကို ကြိုဆိုပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းကျယ်ပြန့်ရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံနှင့်အမေရိကန် ပြည်ထောင်စုတို့၏ဆက်ဆံရေးသည် နှစ်နိုင်ငံဆက်ဆံရေး မူဘောင်အတွင်းတွင်လည်းကောင်း၊ အာဆီယံမူဘောင်အတွင်းတွင် လည်းကောင်း တိုးတက်လာသည်ကို တွေ့ရှိရသည်ဟု ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

Human Resources Development Centre ကျောင်းဆောင်သစ်ပန္နက်တင်

ရန်ကုန် အောက်တိုဘာ ၄

ဘွဲ့လွန်သင်တန်းများအတွက် လိုအပ်နေသည့် စာသင်ခန်းများ၊ လက်တွေ့ခန်း၊ သုတေသနခန်းများ အဖြစ်ဆောင်ရွက်ရန် Human Resources Development Centre ကျောင်းဆောင်သစ် ခြောက်ထပ် အဆောက်အအုံကို ရွှေတောင်ဖွံ့ဖြိုးမှုအုပ်စုနှင့် အဖွဲ့ဝင်များက ဆောက်လုပ်လှူဒါန်းရာ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပသည်။

အခမ်းအနား၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးနိုင်ရန် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ သုတေသနပြုရန် ခြောက်ထပ် အဆောက်အအုံတစ်ခုလှူဒါန်းပေးလိုက်ခြင်းဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးကဏ္ဍတွင် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆောက်အအုံ၏ စုစုပေါင်းအကျယ်အဝန်းမှာ ၃၈၀၀၀ စတုရန်းပေဖြစ်ပြီး စာသင်ခန်း ၁၂ ခန်းနှင့် လူ ၂၀၀ ဆံ့ Assembly Hall တစ်ခန်းပါဝင်မည်ဖြစ်ပြီး စုစုပေါင်းတန်ဖိုးကျပ် ၁၀၀၀၀ သိန်းကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက "မြန်မာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုမူဘောင်ပါ အဓိကနယ်ပယ် ၁၀ ခုတွင် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍဟာဦးစားပေးတွင်ရှိပါကြောင်း၊ ယခုကဲ့သို့ သုတေသနပြုရန် ခြောက်ထပ်အဆောက်အအုံ တစ်ခုပေါ်ပေါက်လာခြင်းကလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ သင်ကြားရေးအခြေပြုတက္ကသိုလ်အဖြစ်မှ သုတေသနအခြေပြု တက္ကသိုလ်အဖြစ် ကူးပြောင်းရေးမှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ ဦးအောင်သန်းက ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆင့်မြင့်နည်းပညာတက္ကသိုလ်များ၏ ဦးစီးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဦးညီလှငယ်တို့က ကျေးဇူးတင်စကားပြောကြားသည်။

ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းဝင်းနှင့် အဆောက်အအုံနေရာကို ၁၉၆၀ ခုနှစ် ဇွန်လမှစ၍ ဗမာ့စက်မှုတက္ကသိုလ် ဟူသော အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ဆိုဗီယက်လက်ဆောင်ကျောင်းသစ် အသုံးချရေး ကော်မတီထောက်ခံချက်ဖြင့် ၁၉၆၃ ခုနှစ် ဧပြီ(?)ပိုင်းမှစ၍ ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology) ဖြစ် ပြောင်းလဲခေါ်တွင်သည်။ ၁၉၆၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေနှင့်အညီ ပညာရေးဝန်ကြီးဌာနလက်အောက်၌ ဖွဲ့စည်းထားသော တက္ကသိုလ်များအနက် ရန်ကုန်စက်မှုတက္ကသိုလ်လည်း ပါသည်။ ၁၉၉၀ ခုနှစ်တွင် နိုင်ငံခြားအခေါ်အဝေါ်မှ မြန်မာအခေါ်အဝေါ်များသို့ ပြောင်းသောအခါ ရန်ကုန်စက်မှုတက္ကသိုလ်ကို အင်္ဂလိပ်ဘာသာအားဖြင့် (Yangon Instiute of Technology) ဟု ပြင်ဆင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရန်ကုန်စက်မှုတက္ကသိုလ်အား ပညာရေးဝန်ကြီးဌာနလက်အောက်မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းခဲ့ပြီး ၂-၇-၁၉၉၇ ရက်တွင် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ ကွပ်ကဲမှုလက်အောက်တွင် ထားရှိသည်။ ၂၂-၅-၁၉၉၈ ရက်တွင် ကျင်းပခဲ့သော တက္ကသိုလ်များဗဟိုကောင်စီ အထူးအစည်းအဝေးနှင့် တက္ကသိုလ်များပညာရေးအဖွဲ့များကောင်စီ အထူးအစည်းအဝေးများတွင် တက္ကသိုလ်များအား အမည်ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်စက်မှုတက္ကသိုလ် (Yangon Institute of Technology) အစား ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University) ဟု အမည်ပြောင်းလဲခေါ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်ပေါင်း ၅၀ ကျော်ကြာမှ ပေါ်ထွက်လာသည့် Miss Universe Myanmar မိုးစက်ဝိုင်

ရန်ကုန် အောက်တိုဘာ ၄

၂၀၁၃ ခုနှစ်အတွက် Miss Universe Myanmar ရွေးချယ်ပွဲကို ယမန်နေ့ညက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ခါးနံပတ် ၁၆ ဖြင့် ပြိုင်ပွဲဝင်သူ မိုးစက်ဝိုင်က Miss Universe Myanmar ဆုကို ဆွတ်ခူးခဲ့သည်။ ၎င်းသည် အသက်(၂၅)နှစ်အရွယ်ရှိပြီး ပရိသတ်အများစု၏ ကြိုတင်ထင်ကြေးအတိုင်း ဆုရရှိခဲ့ခြင်းလည်း ဖြစ်သည်။

Miss Universe Myanmar ပြိုင်ပွဲတွင် ပဏာမရွေးချယ်ခြင်းခံရသည့် ပြိုင်ပွဲဝင် ၂၀ ဦးတို့သည် မြန်မာဝတ်စုံ၊ ရေကူးဝတ်စုံ၊ ညနေခင်းပွဲတက်ဝတ်စုံများဖြင့် ယှဉ်ပြိုင်ခဲ့ရပြီး ကျန်းမာသော ခန္ဓာကိုယ်၊ လှပသောအပြုံး၊ နှလုံးလှမြန်မာ စသည့် ဂုဏ်ပုဒ်များကို ပေါ်လွင်အောင်လည်း ယှဉ်ပြိုင်ရသည်ဟု သိရသည်။

Miss Universe Myanmar သည် ကမ္ဘာ့အဆင့် မယ်စကြဝဠာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည့် နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ရွေးချယ်သည့်ပွဲလည်း ဖြစ်သည်။ မိုးစက်ဝိုင်သည် ဆန်ခါတင်ပြိုင်ဘက် ၂၀ ကို ကျော်ဖြတ်ကာ ယခုကဲ့သို့ Miss Universe Myanmar ကို ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ ယခုကဲ့သို့ ဆွတ်ခူးခဲ့သည့်အတွက် နိုဝင်ဘာ ၉ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ပြုလုပ်မည့် မယ်စကြဝဠာပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုကာ သွားရောက်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

Miss Universe Myanmar 2013 ကို မိုးစက်ဝိုင်က ဆွတ်ခူးခဲ့သလို 1st Runner Up ကို အေးချမ်းမိုး၊ 2nd Runner Up ကို မြတ်နှင်းဖြူ၊ 3rd Runner Up ကို နှင်းယမုံဦးနှင့် 4th Runner Up ကို မေချစ်ပုံတို့က ရရှိခဲ့ကြသည်။

Miss Universe Myanmar မိုးစက်ဝိုင်သည် AGD Bank မှ Honda Fit ကားတစ်စီး၊ ငွေကျပ်သိန်း ၁၀၀၊ ငွေကျပ်သိန်း ၂၀ တန် စိန်သရဖူတို့ကို ချီးမြှင့်ခံခဲ့ရပြီး Facebook ဝက်ဘ်ဆိုက်နှင့် M188 တို့၏ Voting အများဆုံးရရှိ၍ Miss Famous ဆုနှင့် Miss Healthy Skin ဆုများလည်း ရရှိခဲ့သည်။

Miss Universe Myanmar ၏ အခြားဆုမဲများအဖြစ် Miss Environment Award ကို မီရှယ်၊ Miss Healthy Body & Beautiful Skin Award နှင့် Miss Body Perfect Award ကို မြတ်နှင်းဖြူ၊ Miss Photogenic Award ကို အေးချမ်းမိုး၊ Miss Beautiful Smile Award ကို မေချစ်ပုံတို့က အသီးသီးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် Miss Universe ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်၊ ၁၉၆၀ ခုနှစ်နှင့် ၁၉၆၁ ခုနှစ်တို့တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခု ၂၀၁၃ ခုနှစ်တွင်မှ မိုးစက်ဝိုင်က ထပ်မံယှဉ်ပြိုင်ခွင့်ရရှိခြင်းလည်း ဖြစ်သည်။ ယခုကဲ့သို့ Miss Universe ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် Miss Universe Myanmar ပွဲကို ထူးဖောင်ဒေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီများက အဓိကကူညီပံ့ပိုးပေးခဲ့သည်ဟု သိရသည်။ **(ကြေးမုံ)**

မြင်းထီးတစ်ကောင် ရပ်ကွက်အတွင်းလိုက်လံရန်ပြု လူအချို့ အကိုက်ခံရပြီးနောက် အသေဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၄

မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်အတွင်း၌ မြင်းထီးတစ်ကောင်သည် ရပ်ကွက်အတွင်းရှိ လူကြီးနှင့် ကလေးငယ်အချို့အား လိုက်လံရန်ပြုခဲ့သဖြင့် ဒဏ်ရာအသီးသီးရရှိပြီး ရပ်ကွက်နေပြည်သူများ အထိတ်တလန့်ဖြစ်ပွားခဲ့ရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီက မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက် ရွှေထီးအိမ်ရာနေ ဦးသန်းကြွယ်(၅၄)နှစ် မွေးမြူထားသောမောင်ညိုအမည်ရှိ(ခဲရောင်) မြင်းထီးတစ်ကောင်သည် တစ်လမ်းဝင် တစ်လမ်းထွက် သောင်းကျန်းနေပြီး မြင်မြင်သမျှ စက်ဘီး၊ မော်တော်ယာဉ်နှင့်လူကြီးလူငယ်များအား လိုက်လံကိုက်ဖြတ်နေသဖြင့် ရပ်ကွက်နေ ပြည်သူများက လိုက်လံဖမ်းဆီးရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် အဆိုပါရပ်ကွက်ရှိ သမိုင်း(၂) လမ်းတွင် အသေဖမ်းဆီးရမိခဲ့သည်။ **(ဝဲပုံ)**

အဆိုပါမြင်းထီး၏ ရန်ပြုမှုကြောင့် ထိုရပ်ကွက်အတွင်း နေထိုင်သည့် မအေးသဇင်ထွန်း (၄)နှစ်၊ မချိုပြုံးအောင်(ခ) မချိုမာ(၂၈)နှစ်၊ မသက်သက်ဝင်း(၂၈)နှစ်နှင့် မဖြိုးသန္တာဝင်း (၆)နှစ်ခွဲတို့တွင် ဒဏ်ရာအသီးသီးရရှိခဲ့၍ အင်းစိန်ဆေးရုံ အမျိုးသမီးခွဲစိတ်လူနာဆောင်(၅)တွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး မဇင်မာနွယ်(၂၉)နှစ်၊ မထက်ထက်ဝေ(၈)နှစ်တို့တွင်လည်း ဒဏ်ရာများအသီးသီးရရှိခဲ့ကာ ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

ယင်းဖြစ်စဉ်မှ မြင်းထီးအသေကို ယင်းနေ့ နံနက် ၁၀ နာရီက တိရစ္ဆာန်ကုဆရာဝန် ဒေါက်တာကျော်သန်းထိုက်နှင့် ရပ်မိရပ်ဖများက ကရိန်းယာဉ်ဖြင့်တင်ဆောင်ကာ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစုသို့ ပို့အပ်၍ စစ်ဆေးချက်ရယူရာ အဆိုပါဌာနမှ (ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစု) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာ၏ အတည်ပြုထုတ်ပြန်ချက်အရ ၎င်းမြင်းထီးတွင် ခွေးရူးပြန်ရောဂါပိုးရှိကြောင်း သိရသည့်အတွက် ယင်းရပ်ကွက်အတွင်းရှိ ကျန်ရှိနေသော မြင်းထီးကိုက်ခံရသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ရပ်မိရပ်ဖများက အသိပေးအကြောင်းကြားထားသည်။

"လူတွေက အုပ်လိုက်ကြီး 'မြင်းလာနေပြီ ပြေးပြေး' လို့ ပြောတော့ ကျွန်တော်လည်း ဘာမှန်းမသိဘူး။ ရှေ့က အမျိုးသမီးငယ်တစ်ဦးရဲ့ခြေထောက်ကို မြင်းက ပြေးနေရင်းနဲ့ လှမ်းဟပ်လိုက်တယ်။ ဒါနဲ့ ဒီအမျိုးသမီးလည်း လန့်ပြီးနီးရာဆိုင်ထဲပြေးဝင်ခဲ့တယ်။ ကြည့်လိုက်တော့သူ့ရဲ့ခြေထောက်မှာ သွေးတွေပေနေတယ်။ ဒီအမျိုးသမီးကိုဆေးခန်းသွားခိုင်းတော့ ရှက်ပြီးပြန်သွားတယ်။ ဒီကိစ္စက ပေါ့ဆလို့ မရဘူး" ဟု မျက်မြင်တွေ့ရှိသူ အမျိုးသားတစ်ဦးကပြောသည်။ ဆက်လက်သိရှိရသည်မှာ အဆိုပါ မြင်းထီးသည် လမ်း၌ တွေ့ရှိသော ခွေးများနှင့်လည်း ကိုက်ခဲ့ကြောင်းသိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများ ခွေးရူးပြန်ရောဂါများ ဆက်လက်ပြန့်ပွားမည်ကို စိုးရိမ်နေကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

အာစရိယဆရာ

ခင်မောင်ဌေး
(ပညာရေး)

နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် ဆရာ ဆရာမများအား အနန္တော၊ အနန္တငါးပါးတွင် တစ်ပါးအပါအဝင်အဖြစ်ထည့်သွင်းကာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးတင်ကြရသည့် အဆင့်ပင်ဖြစ်သည်။

ဆရာ ဆရာမများဟုဆိုလျှင် ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ကန့်ကူလက်လှည့်သင်ပေးသည့် ဆရာမှ လူလားမြောက်သည်အထိ အသိပညာ၊ အတတ်ပညာများ၊ ကျွမ်းကျင်မှုများသင်ကြားပေးခဲ့ကြသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးပင်ဖြစ်လေသည်။ ထိုဆရာတို့သည် မိမိတို့၏တပည့်သားမြေးများအပေါ်တွင် မိမိ၏ရင်သွေးတမျှ ချစ်ခင်ယုယ၊ တစ်စမကျန်၊ သင်အံပေးခဲ့ကြသည်သာဖြစ်သည်။ ထို့ကြောင့်လည်း မိမိတို့၏ဆရာသမားများအပေါ် 'ချစ်ခင်ရိုကျိုး၊ ဂူပထိုးသို့ မြတ်နိုးကော်ရော်၊ ပူဇော်ခဲ့ကြခြင်းဖြစ်သည်'။

ဆရာ ဆရာမတို့၏ ဝတ္တရားတွင်လည်း "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ' ဆိုသည့်အတိုင်း ကျင့်ကြံနိုင်မှသာ ဆရာနှင့်တူသော ဆရာများအဖြစ် အသိအမှတ်ပြုပူဇော်ခံထိုက်သည်သာဖြစ်သည်။

ပညာရေးလောကတွင် ဆရာ ဆရာမတို့သည် စာသင်ပြရုံသက်သက်ဖြင့် ဆရာကောင်းမမည်။ ကလေးတို့၏စိတ်ကိုပါ ပြင်ပေးနိုင်မှသာ တပည့်များ၏ ယုံကြည်ကိုးစားဖွယ်၊ အသိအမှတ်ပြုလေးစားခံထိုက်ဖွယ်ဖြစ်လာနိုင်ကြမည်ဖြစ်သည်။

ပညာဖြင့် အသက်မွေးဝမ်းကျောင်းခြင်းအလုပ်သည် မွန်မြတ်သန့်ရှင်းသော၊ သမ္မာအာဇီဝကျသော အလုပ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိ၏အတ္တအကျိုးစီးပွားထက် တပည့်အပေါင်း၏ အကျိုးတရားကို ရှေးရှုရသည်ဖြစ်ရာ ပရဟိတစိတ်ရှိဖို့ ပိုပင်လိုအပ်သောအလုပ်ဖြစ်ပါသည်။ အထူးသဖြင့် မိမိ၏တပည့်သားမြေးများအပေါ်တွင် ငွေမျက်နှာဂုဏ်ရှိန်အာဏာတို့ကိုလိုက်၍ 'မျက်နှာကြီးရာဟင်းဖတ်ပါ' တတ်သည့် စိတ်သဘောထားများကင်းပနိုင်ဖို့ လိုအပ်လှပါသည်။

ခေတ်အဆက်ဆက် ဆရာ ဆရာမတို့၏ ဘဝကိုကြည့်လျှင် "တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားရှိပါ၏" ဆိုသည့်အတိုင်း အသပြာဆရာများ မဟုတ်ခဲ့ကြ။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် 'နာသုံးနာ' အရင်းခံ၍ ပညာရေးဥယျာဉ်မှူးကောင်းများ ဖြစ်ခဲ့ကြပါသည်။

မိဘတိုင်းသည် မိမိတို့၏သားသမီးများကို မိမိတို့ထက်ပို၍ တော်တတ်စေလိုကြပါသည်။ ထို့အတူ ဆရာ ဆရာမတိုင်းကလည်း မိမိတို့၏တပည့်များအား တတ်စွမ်းသမျှတစ်စမချန် သွန်သင်ပြသပေးကြရပေမည်။ ဤသို့သင်ကြားပြသရာတွင် ဆရာ ဆရာမများကိုယ်တိုင်က ပညာပြည့်ဝနေစေရန် ဖြည့်စွမ်းနေကြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ထာဝရကျောင်းသားကြီးများဖြစ်နေကြဖို့ပင်။

ဆရာ ဆရာမတို့သည် အနာဂတ်မျိုးဆက်သစ်များအား ခေါင်းဆောင်ကောင်းများအဖြစ် မွေးထုတ်နိုင်ရန် စံပြခေါင်းဆောင်များ (Role Model) ဖြစ်ရန်လိုပါသည်။ အတွေးအမြင်ကြွယ်ဝသူများအဖြစ် ကလေးများ၏အသိဉာဏ်ပညာကို လွှမ်းမိုးဖြန့်ကြက်နိုင်သူများဖြစ်ရပါမည်။ ကလေးများ၏ဘဝလမ်းကြောင်းကို မှန်မှန်ကန်ကန်ထွင်းဖောက်ပေးနိုင်သူများအဖြစ် ကလေးများယုံကြည်ကိုးစားထိုက်သူများ ဖြစ်ရပေမည်။ ကလေးများတွေ့ကြုံခံစားနေရသည့် မွန်းကျပ်မှုများ၊ အခက်အခဲများကို လိမ္မာပါးနပ်စွာ ဖြေလျှော့ပေးနိုင်သူများ ဖြစ်ရပါမည်။ ကျောင်းနေပျော်၍ ကျောင်းစာတော်သူများအဖြစ် မွေးမြူထိန်းကျောင်းနိုင်သူများဖြစ်ရပါမည်။

'ပုဂ္ဂိုလ်ခင်မှ တရားမင်' ဆိုသည့်အတိုင်း ကလေးများက ဆရာ ဆရာမတို့အား ခင်မင်တွယ်တာဖို့လိုသည်။ ယင်းမှာ ကလေးများအပေါ် အကြောက်တရားဖြင့် ယူ၍မရနိုင်။ မိမိတို့၏စစ်မှန်သော မေတ္တာတရား၊ ပိုင်နိုင်ကျွမ်းကျင်သော သင်ကြားပြသမှု၊ ကလေးတို့၏ဘဝကို စာနာနားလည်ပေးနိုင်မှုတို့ဖြင့်သာ ရယူနိုင်ပါသည်။

ကလေးများအနေဖြင့်လည်း ဆရာဆရာမတို့ထံမှရရှိသည့် နွေးထွေးသော မေတ္တာတရား၊ ရှင်းလင်းနားလည်လွယ်သော သင်ယူရမှုဘဝအခက်အခဲများကို နားလည်ဖြေရှင်းပေးနိုင်မှုအပေါ် ကြီးမားသောခင်မင်တွယ်တာစိတ်ကိုရရှိနိုင်ပါသည်။ ဆရာ ဆရာမအပေါ် ခင်မင်တွယ်တာစိတ်ကြီးလေ သင်ကြားမှုအောင်မြင်ရုံသာမက ဆရာဆရာမတို့၏ ဆိုဆုံးမပဲ့ပြင်မှုကိုပါ လေးစားလိုက်နာတတ်သည့်တပည့်များအဖြစ် တွေ့မြင်ရမည်သာဖြစ်သည်။ ဤသို့ဖြင့် တပည့်များသည် ဆရာ ဆရာမရှေ့တွင်ဖြစ်စေ၊ ကွယ်ရာပင်ဖြစ်စေ စည်းကမ်းမဲ့ခြင်း၊ အကျင့်ပျက်ယွင်းခြင်းများ အလျဉ်းတွေ့မြင်နိုင်လိမ့်မည်မဟုတ်ပေ။

Maria Montessori က "ဆရာဆိုတာ အနားမှာရှိတယ်လို့မထင်ရလောက်အောင် ကလေးတွေဟာ သူတို့ဘာသာသူတို့ လုပ်ကိုင်သင်ယူနေတယ်လို့ ပြောနိုင်တာဟာ ဆရာတစ်ယောက်ရဲ့ အောင်မြင်မှုကိုပြတဲ့အထင်ရှားဆုံး သင်္ကေတပါပဲ" ဟု ဆိုခဲ့လေသည်။ ထို့ကြောင့် အနာဂတ်ကိုပုံဖော်ပေးနိုင်မည့် ဆရာဆရာမတိုင်း နားလည်လက်ခံ၍ နှလုံးရည်လှသော သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် ပုံဖော်ထုဆစ်နိုင်ကြပါစေကြောင်း ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုတိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၁၀-၂၀၁၃ (စနေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၀၈)
၉း၅၅	သုတရောင်စုံပန်းခင်း
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့သုခကမ္ဘာ" (အပိုင်း-၃၃)
၁၁း၀၀	ရွှေရင်ခုန်သံ
၁၁း၃၀	ချစ်စရာ့အရွယ်ကစားကြမယ်
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ပျော်ရွှင်စေသောနေ့ရက်များ "နိုင်ငံကျော် ရုပ်ရှင်မင်းသမီးယောကျ်ား" (အပိုင်း-၇) (ဇာတ်သိမ်း) (နေတိုး၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ) (ဒါရိုက်တာ-မီးပွား) -ဂီတတံခါးလေးဖွင့်ပါဦး

အောက်တိုဘာ ၁ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆဋ္ဌမအကြိမ်မြောက် ရပ်ကွက်နေပြည်သူများအား တန်ဖိုးနည်းဖုန်းကတ်များကို အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းနှင့်အဖွဲ့ဝင်များက မဲစနစ်ဖြင့်ရွေးချယ်ပြီး မဲပေါက်သူများအား ဆင်းကတ်များနှင့်စာချုပ်စာတမ်းများကို ပွင့်လင်းမြင်သာစွာ ပြည်သူများရှေ့မှောက်၌ ပေးအပ်စဉ်။
ခင်မောင်ဝင်း(ကြေးမုံ)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဆန်းစစ်ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို (ပြည်တွင်း) ဆန်းစစ်ရေကူးပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏အလွတ်ကူးပြိုင်ပွဲတွင် အမျိုးသမီးများအတွက် မီတာ (၅၀၊၁၀၀၊၂၀၀၊၄၀၀၊၈၀၀)သတ်မှတ်ထားပြီး အမျိုးသားများအတွက် မီတာ ၁၅၀၀ သတ်မှတ်ထားသည်။

ထို့အပြင် အမျိုးသား၊ အမျိုးသမီးများအတွက် မီတာ ၁၀၀ နှင့် ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲနှင့် ပက်လက်ကူးပြိုင်ပွဲများ ပါဝင်ပြီး မီတာ ၂၀၀ နှင့် ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲများ၊ မီတာ(၄×၁၀၀)၊(၄×၂၀၀)နှင့် လွှန်းပျံအလွတ်ကူးပြိုင်ပွဲများနှင့် လွှန်းပျံလေးမျိုးကူး မီတာ (၄×၁၀၀) ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရေကူးအားကစားသမားများအနေဖြင့် ပြိုင်ပွဲ၏ ပွဲစဉ်ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ယင်းရေကူးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့်ကျောင်း၊ ဌာန၊ ကလပ်အသင်းများအနေဖြင့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အမျိုးသားအားကစားသမားလေးဦး၊ အမျိုးသမီးအားကစားသမားလေးဦး စုစုပေါင်း ၁၀ ဦး အများဆုံးသတ်မှတ်သည်။ ပြိုင်ပွဲဝင်အသင်းများ အောက်တိုဘာ ၁၆ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ရုံး အမျိုးသားရေကူးကန် ဦးဝိစာရလမ်း ဒဂုံမြို့နယ်သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၁-၃၇၈၅၅၀၊၀၉-၈၃၀၀၃၈၄ နှင့် ၀၉-၄၃၁၁၄၉၄၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)ပြုပြင်ထိန်းသိမ်းရေး အမေရိကန်မှပညာရှင်များ လာရောက်လေ့လာ

မန္တလေး အောက်တိုဘာ ၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)ပြုပြင်ထိန်းသိမ်းရေးအတွက် အမေရိကန်နိုင်ငံ World Monuments Fund မှ Mr. Jeff Allen နှင့်တွေ့ဆုံပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ရွှေကျောင်းကြီးပေါ်၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူး ဦးဇော်ဦးဟန်နှင့် Mr.Jeff Allen တို့ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးစမ်း၊ မြန်မာဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ မန္တလေးနည်းပညာတက္ကသိုလ်မှ ဒေါက်တာသန်းဌွေးဦးတို့က ရွှေကျောင်းကြီးနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီးနောက် ရွှေကျောင်းကြီး၏ ပျက်စီးယိုယွင်းနေသည်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(ကျော်ထူး)

အလုပ်စတင်ခန့်ထားရာတွင် အလုပ်ရှင်နှင့်အလုပ်သမားတို့၏ သဘောတူညီချက်များပါဝင်သည့် စာချုပ်တစ်ခုချုပ်ဆိုသင့်

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှုအပေါ်တွင် တည်မှီပါသည်။ ယင်းသို့ ကုန်ထုတ်စွမ်းအားမြင့်မားအောင် ဖန်တီးဖော်ဆောင်လျက်ရှိသည့် ကာယ၊ ဉာဏအလုပ်သမားအင်အားထုကြီးအား ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေကို ခေတ်စနစ်နဲ့အညီ ပြန်လည်အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ အလုပ်သမားသမဂ္ဂ၊ အလုပ်ရှင်သမဂ္ဂ၊ အစိုးရကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် ဌာနပေါင်းစုံပါဝင်သည့် လူမှုဖူလုံရေးအမျိုးသားအဆင့် ပြန်လည်ဖွဲ့စည်းခြင်းကို အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သိရသည်။

“၁၉၅၄ ခုနှစ်က ထုတ်ခဲ့တဲ့ လူမှုဖူလုံရေးဥပဒေရဲ့ အကုန်လုံးနီးပါးကို ပြန်လည်ဆန်းသစ်တော့မယ်။ ဒါ့ကြောင့် လူမှုဖူလုံရေးဥပဒေကိုသာ အလုပ်ရှင်တိုင်း၊ အလုပ်သမားတိုင်း စိတ်ဝင်စားကြမယ်ဆိုရင် အားလုံးအတွက် အာမခံချက်တစ်ခုထွက်လာမယ်။ ဒါကိုအောင်မြင်အောင်ကြိုးစားနေပါတယ်”ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ပြောကြားခဲ့သည်။

ထို့ပြင် အလုပ်သမား မည်သည့်အရေအတွက်ကိုမဆို အလုပ်စတင်ခန့်ထားရာတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့ ညီညွတ်မျှတမှုရှိစေရန် ၎င်းတို့၏သဘောတူညီချက်များ ထည့်သွင်းထားသည့် ကတိစာချုပ်တစ်ခု ချုပ်ဆိုသင့်ကြောင်း၊ ယင်းကဲ့သို့ စာချုပ်မချုပ်ဆိုဘဲ ခန့်ထားသည့်ကိစ္စများသည် ရေရှည်တွင် မကောင်းနိုင်ကြောင်း၊ လုပ်ငန်းခွင်တွင်လည်း မိသားစုတစ်ခုကဲ့သို့ သားသမီးနှင့်မိဘစိတ်ထားမျိုးထားရှိကာ လူမှုရေးပြဿနာများတွင် အပြန်အလှန် ကူညီကြခြင်းဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာလာမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင် အေးချမ်းသာယာမှုမရှိပါက လိုအပ်ချက်များ၊ ပြဿနာများ ရှိလာနိုင်သည့်အတွက် အလုပ်ရှင်ရော အလုပ်သမားပါ နှစ်ဦးနှစ်ဖက် ညီညွတ်မျှတနေရန် လိုအပ်ပါကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်ပြီး “လူမှုဖူလုံရေးဆိုတာ အလုပ်သမားတွေအတွက် အသားပေးထားတာဖြစ်သလို အလုပ်ရှင်တွေအတွက်လည်း အလွန်အကျိုးဖြစ်စေပါတယ်၊ လူမှုဖူလုံရေးဆိုရင် အလုပ်သမားတွေအတွက်ပဲလို့ ထင်နေကြတယ်။ အလုပ်ရှင်ဟာ အလုပ်သမားတွေရဲ့ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရတာ၊ နာမကျန်းဖြစ်တာ၊ မတော်တဆဖြစ်တာ ဒါတွေအားလုံးက အလုပ်ရှင်ကို Cover ပေးထားတာဖြစ်ပါတယ်၊ ဒါတွေကို အလုပ်ရှင်တွေဘက်က နားလည်ဖို့လိုပါတယ်”ဟု ၎င်းက ရှင်းပြခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အဓိကဝင်ငွေရနိုင်သော ကုန်ထုတ်စွမ်းအားတိုးတက်ရေးကို လုပ်ဆောင်နေကြသည့်အလုပ်သမားများအား ကြီးကြပ်ထိန်းသိမ်းရေး၊ ဥပဒေနှင့်အညီ စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့် ဌာနတစ်ခုဖြစ်သည်နှင့်အညီ အလုပ်သမားများ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်း၊ မတော်တဆဖြစ်မှု၊ နာမကျန်းဖြစ်မှု၊ အမျိုးသမီးများ ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းစသည်တို့ကို အလုပ်သမားများအား အခမဲ့ဆေးဝါးကုသခွင့်၊ ငွေလက်ငင်းအကျိုးခံစားခွင့်တို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဖြိုးစန္ဒာမြင့်)**

နည်းပညာသတင်း ALEZ

လူနှစ်ဦးလိုက်ပါစီးနင်းနိုင်သည့် အဆင့်မြင့်ရေငုပ်သင်္ဘောငယ် စမ်းသပ်မောင်းနှင်

နာမည်ကျော်ဂျိမ်းစ်ဘွန်းဇာတ်ကားများတွင် အလွယ်တကူမြင်တွေ့နိုင်သော ရေငုပ်သင်္ဘောငယ်များကဲ့သို့ အမှန်တကယ်မောင်းနှင်ကာ ရေအောက်တွင်သွားလာနိုင်မည့် ရေငုပ်သင်္ဘောငယ်တစ်မျိုးကို Graham Hawkes လုပ်ငန်းက မိတ်ဆက်ပြသမှုကို ပြန်ကြားရေးမီဒီယာစာမျက်နှာများတွင် တွေ့ရသည်။

အဆိုပါရေငုပ်သင်္ဘောတည်ဆောက်ရာတွင် စစ်ဘက်ဆိုင်ရာသုံးရေငုပ်သင်္ဘောများ၏ တည်ဆောက်မှုနည်းပညာများကို အခြေခံထားပြီး ပင်လယ်ရေအောက်တွင် လုံခြုံစိတ်ချစွာသွားလာနိုင်မည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကပင် စမ်းသပ်သုတေသနပြုလုပ်ခဲ့ကြပြီး ပစိဖိတ်သမုဒ္ဒရာတွင်စမ်းသပ်မောင်းနှင်မှုပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အကျယ် ရှစ်ပေခန့်ရှိသော ရေယက်အတောင်ပံများပါဝင်ပြီး ၂၂ ပေခန့်သာရှည်လျားသည့် ကိုယ်ထည်ရှိသည်ဟု သိရသည်။ ကီလို ၂၃၀ ခန့် အလေးချိန်ရှိပြီး အဆိုပါရေငုပ်သင်္ဘောမှာ ဒေါ်လာသန်းပေါင်းများစွာတန်သည်။ ယင်းရေငုပ်သင်္ဘောငယ်တွင် ရှေ့နောက်အာရုံခံကင်မရာများ တပ်ဆင်ထားပြီး ရေအောက်တွင် ပေ ၁၆၀၀ ခန့်အထိ ရေငုပ်စမ်းသပ်မောင်းနှင်မှုပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေအောက်တွင် လင်းပိုင်များကဲ့သို့ လွယ်ကူစွာ မောင်းနှင်သွားလာနိုင်ရန် ဖန်တီးတည်ဆောက်ထားပြီး ရေအောက်ကမ္ဘာကိုလုံခြုံစိတ်ချစွာ မောင်းနှင်လေ့လာနိုင်မည်ဖြစ်သည်ဟုသိရသည်။ ၉၀ ဒီဂရီအထိ လှည့်ပတ်မောင်းနှင်နိုင်စွမ်းရှိပြီး လောင်စာစွမ်းအင်ပြည့်ဝစွာ ဖြည့်တင်းထားပါက ရေအောက်တွင် ၂၄ နာရီခန့်အထိ မောင်းနှင်နိုင်မည်ဖြစ်သည်ဟု နည်းပညာသတင်းစာမျက်နှာများတွင် တွေ့ရသည်။



အပ်ကားရောင်းမည်
Nissan Atlas(၁၀)ပေ၊ သ. . . နံပါတ်၊
လက်တင်စီး (သို့မဟုတ်)
(၁၄)ပေ ကားဖြင့် လဲမည်။
ဖုန်း-၀၉-၄၉၂၁၅၉၀၅၊ ၀၆၇-၂၂၅၅၁



ကိုလံဘီယာတောတွင်းတစ်နေရာ၌ အက်ဖ်အေအာစီသူပုန်များကို တွေ့ရစဉ်။

ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီသူပုန်တို့ မြေယာပြုပြင်ပြောင်းလဲရေး သဘောတူညီမှုရ

ဟာဗားနား အောက်တိုဘာ ၄

ကိုလံဘီယာအစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာ၌ တိုးတက်မှုအသင့်အတင့် ရရှိခဲ့ကြောင်း ယင်းနိုင်ငံ၏ အဓိက သူပုန်အုပ်စုဖြစ်သော အက်ဖ်အေအာစီက အောက်တိုဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံ၌ နောက်တစ်ကြိမ် ဆွေးနွေးပွဲ စတင်ကျင်းပရာ စာမျက်နှာ-၂၅မျက်နှာစာ သဘောတူညီမှုများရရှိထားပြီဖြစ်ကြောင်း အက်ဖ်အေအာစီ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ အကြီးအကဲ အိုင်ဗန်မားကွတ်(စ်)က ပြောကြားသည်။

ကိုလံဘီယာ ကျေးလက်ဒေသများတွင် ၁၉၆၀ ပြည့်နှစ်စောစောပိုင်းမှ စတင်၍ လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည့် သူပုန်များအတွက် အဓိက ပြဿနာဖြစ်သော မြေယာပြုပြင်ပြောင်းလဲရေးသည်လည်း ယခုရရှိထားပြီးဖြစ်သော သဘောတူညီမှုများတွင် ပါဝင်သည်။

ညှိနှိုင်းဆွေးနွေးပွဲများအား နှေးကွေးသွားစေသည့် ဆွေးနွေးပွဲအစီအစဉ်ပြောင်းလဲခြင်းအတွက် အစိုးရမှာသာ တာဝန်ရှိသည်ဟု မားကွတ်(စ်)က ပြောကြားသည်။

လက်ဝဲယိမ်းသူပုန်များနှင့် ကိုလံဘီယာအစိုးရတို့အကြား ဆွေးနွေးရန် သဘောတူညီထားသည့် ငြိမ်းချမ်းရေး အစီအစဉ်တွင် အဓိက ခေါင်းစဉ်ခြောက်ခုရှိရာ မြေယာပြုပြင်ပြောင်းလဲရေး၊ နိုင်ငံရေးတွင်ပါဝင်ရေး၊ လက်နက်ဖြုတ်သိမ်းရေး၊ တရားမဝင် မူးယစ်ဆေးဝါးများကိစ္စ၊ ဒုက္ခသည်များ၏ အခွင့်အရေးများနှင့် ငြိမ်းချမ်းရေး သဘောတူညီမှု အကောင်အထည်ဖော်ရေးတို့ ပါဝင်သည်။

နိုင်ငံရေးနယ်ပယ်တွင် တရားဝင် အစိတ်အပိုင်းအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သူပုန်တို့အနေဖြင့် လက်နက်ကိုင်ဆောင်မှုကို စွန့်လွှတ်ရန် သဘောတူညီချက်ကို ယခုနှစ်ကုန်ပိုင်းတွင် အချောသပ်ပြီးစီးစေလိုသည်ဟု သမ္မတ ဂွမ်မာနျူရဲလ်ဆန်းတို့(စ်)က ပြောကြားသည်။

ထောင်ပေါင်းများစွာသော သူပုန်ဘဝမှ အရပ်သားဘဝသို့ ပြောင်းလဲလာမည့်သူများသည် လူ့လောကအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အဆင့်သင့်ပြင်ဆင်ထားကြောင်း အစိုးရက ပြောကြားသည်။ **ဘီဘီစီ။**

သမ္မတဘာရက်အိုဘားမား၏ အာရှခရီးစဉ် ဖျက်သိမ်း

ဝါရှင်တန် အောက်တိုဘာ ၄

အမေရိကန်အစိုးရ၏ လုပ်ငန်းများရပ်ဆိုင်းကုန်သဖြင့် သမ္မတအိုဘားမားသည် ၎င်း၏အာရှခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး (အေပက်)ဆွေးနွေးပွဲ အပါအဝင် ထိပ်သီးဆွေးနွေးပွဲနှစ်ခုကို အိုဘားမား တက်ရောက်နိုင်ခြင်းရှိမည် မဟုတ်ပေ။

အစိုးရအလုပ်များ ရပ်ဆိုင်းထားရသဖြင့် ပြည်ပသို့ ခရီးထွက်ခွာရာတွင် အခက်အခဲများရှိမည်ဖြစ်၍ ယင်းကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဘတ်ဂျက်အသစ်ရေးဆွဲရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုများဖြစ်ပေါ်ပြီးနောက် အမေရိကန်အစိုးရသည် အဓိကမကျသောကိစ္စများ ဆောင်ရွက်ခြင်းကို ပိတ်ထားခဲ့သည်။

ဝမ်းနည်းကြောင်းပြော

သောကြာနေ့နံနက်ပိုင်းတွင် အိုဘားမားသည် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုထံသို့ ဖုန်းဆက်သွယ်၍ ၎င်း၏ခရီးစဉ်ကိုဖျက်သိမ်းရသဖြင့် ဝမ်းနည်းကြောင်း ပြောဆိုခဲ့သည်ဟု အင်ဒိုနီးရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသို့ ပြောကြားသည်။ ယင်းခရီးစဉ်အသစ် ပြန်လည်စီစဉ်မှုမရှိဟု ထပ်မံပြောဆိုသည်။

နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် သမ္မတဘာရက်အိုဘားမားအစား အေပက်ဆွေးနွေးပွဲနှင့် ဘရူနိုင်းတွင် ကျင်းပမည့် အရှေ့အာရှထိပ်သီး ဆွေးနွေးပွဲများသို့ တက်ရောက်မည်ဖြစ်သည်။ **ဘီဘီစီ။**

ထွက်ပြေးသည့်ကားကို ရဲကားများက လိုက်လံဖမ်းဆီးခဲ့ပြီး ကွန်ဂရက်လွှတ်တော် အဆောက်အအုံအနီးတွင် အဆုံးသတ်ခဲ့ရာ ဤသို့ တွေ့မြင်ရစဉ်။

ကွန်ဂရက်အဆောက်အအုံအနီး ပစ်ခတ်မှုဖြစ်ပွား ကားမောင်းပြေးသူ အမျိုးသမီး သေဆုံး

ဝါရှင်တန် အောက်တိုဘာ ၄

အမေရိကန်ပြည်ထောင်စု မြို့တော်ဝါရှင်တန်၌ သမ္မတအိမ်ဖြူတော်အနီးရှိ လုံခြုံရေးအရံအတားတစ်ခုကို ဝင်တိုက်ကာ ကားဖြင့်မောင်းပြေးသူ အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ယင်းအမျိုးသမီး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အိမ်ဖြူတော်အနီးမှသည် ဝါရှင်တန်မြို့လယ်ကိုဖြတ်ကာ ကွန်ဂရက်လွှတ်တော် အဆောက်အအုံအနီးအထိ ကားမောင်းထွက်ပြေးခဲ့ရာတွင် ရဲတပ်ဖွဲ့၏ကားက နောက်မှလိုက်လံဖမ်းဆီးခဲ့ရာ လွှတ်တော်အစည်းအဝေးအပြီး ပြန်လည်ထွက်ခွာလာသော အမတ်များနှင့် ကမ္ဘာလှည့်ခရီးသည်များမှာ အမြန်မောင်းနှင်လာသည့် ကားများနှင့် လွတ်အောင်ရှောင်တိမ်းခဲ့ကြရသည်။

ကားမောင်းထွက်ပြေးသူ အမျိုးသမီး၏ မော်တော်ကားပေါ်တွင် အသက်တစ်နှစ်အရွယ် မိန်းကလေးတစ်ဦးလိုက်ပါလာခဲ့သည်။

အဆိုပါ အမျိုးသမီးသည် မည်သည့်အကြောင်းကြောင့် ကားမောင်းထွက်ပြေးရသည်ကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဝါရှင်တန်မြို့တော် ရဲတပ်ဖွဲ့အကြီးအကဲ ကေသီလာနီယာက ပြောကြားသည်။

ကားမောင်းထွက်ပြေးသူ အမျိုးသမီးသည်သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သော်လည်း ကလေးငယ်မှာ ထိခိုက်မှုမရှိဘဲ ၎င်းကိုထိန်းသိမ်းစောင့်ရှောက်ထားကြောင်း လာနီယာက ပြောကြားသည်။ **ရိုက်တာ။**

အမေရိကန်မှ ဓာတ်ပေါင်းဖိုများ အိန္ဒိယဝယ်ယူမည်

နယူးဒေလီ အောက်တိုဘာ ၄

အမေရိကန်ပြည်ထောင်စု အခြေစိုက် ဝက်စတင်းဟောက်စ် လျှပ်စစ်ဓာတ်အားကုမ္ပဏီထံမှ ဓာတ်ပေါင်းဖိုများ ဝယ်ယူနိုင်ရေးအတွက် သဘောတူညီချက် ရယူရာတွင် မိမိနိုင်ငံ၏ နျူကလီးယားဘေးအန္တရာယ်လုံခြုံရေး ဥပဒေပါစည်းမျဉ်းများကို လျှော့ပေါ့ပေးမည်မဟုတ်ကြောင်း အဏုမြူစွမ်းအင်ဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၃ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံရှိ နျူကလီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းသည် ဝက်စတင်းဟောက်စ်ကုမ္ပဏီနှင့် ပဏာမ သဘောတူညီချက်တစ်ရပ်ကို လွန်ခဲ့သည့်လနှောင်းပိုင်းက လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် စက်တင်ဘာ ၂၇ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အရပ်ဘက်သုံးနျူကလီးယားဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ အိန္ဒိယနိုင်ငံရှိ နျူကလီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းသည် အမေရိကန်ရှိ ဝက်စ်တင်းဟောက်စ်ကုမ္ပဏီနှင့် နျူကလီးယားစွမ်းအင်ကို စီးပွားဖြစ်ထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ **ပီတီအိုင်။**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်းနှင့် (၁၄၈)လမ်းထောင့် ဧရိယာအကျယ်အဝန်း (အလျား ၄၇' ၆" အနံ ၄၆')ရှိ မြေနေရာပေါ်တွင် အထပ်မြင့်အဆောက်အအုံ [မြေအောက်ကားရပ်နားရန်နေရာ(Basemen) အပါအဝင်] (ကိုးထပ်ခွဲ)ကို ဆောက်လုပ်မည်ဖြစ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၇-၁၀-၂၀၁၃)
တင်ဒါပိတ်မည့်ရက် - (၂၈-၁၀-၂၀၁၃)

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၉၀၁၂

ပရီမီယာလိဂ်ရင်ခုန်သံ (ဂ)

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၆)မှာ မန်ချက်စတာမြို့ခံ နှစ်သင်းဖြစ်တဲ့ မန်ယူနဲ့ မန်စီးတီးတို့ ရှုံးပွဲကိုယ်စီ ကြုံတွေ့ခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရရှိရေး အားစိုက်လာကြမှာဖြစ်ပြီး အဆိုပါ အသင်းကြီးတွေ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာ စိတ်ဝင်တစား စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

မန်စီးတီး - အဲဗာတန် ည ၆း၁၅ (၅-၁၀-၂၀၁၃)

လက်ရှိ အဲဗာတန်ရဲ့ခြေက တည်ငြိမ်မှုရှိပေမယ့် အဝေးကွင်းမှာဆိုရင် ခံစစ်ပိုင်းက ထင်သလောက် မကျစ်လျစ်ဘူး။ မန်စီးတီးခြေ မငြိမ်သေးဘူး။ ဒါပေမယ့် ဗီလာနဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့တဲ့အတွက်လည်း မန်စီးတီး ခြေကုန်ထုတ်မှာပါ။ အိမ်ကွင်းဖြစ်လို့ အမှားခံမှာမဟုတ်ဘူး။

ကာဒစ်ဖ် - ကာဆယ် ည ၈း၃၀ (၅-၁၀-၂၀၁၃)

ကာဆယ်က အဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းက အားနည်းမှုရှိတတ်တာကို သတိပြုရမယ်။ ကာဒစ်ဖ်က ဒီရာသီမှာ ခံကစားအားကောင်းမွန်မှုအပြည့်ရှိတယ်။ အထူးသဖြင့် ကာဒစ်ဖ်ရဲ့ တိုက်စစ်ပိုင်းက ထိုးဖောက်မှုအားကောင်းတယ်။ ကာဆယ်ကို ဖိအားပေးနိုင်မှာပါ။

ဖူလ်ဟမ် - စတုတ် ည ၈း၃၀ (၅-၁၀-၂၀၁၃)

ဖူလ်ဟမ်ရဲ့ တိုက်စစ်က ဂိုးသွင်းခြေမငြိမ်ဘူး။ လက်ရှိအချိန်မှာ ကစားပုံပျက်ယွင်းလွန်းတယ်။ ငါးပွဲဆက်တိုက် အနိုင်မရခဲ့ဘူး။ ဒါပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးမှာဖြစ်ပါတယ်။ စတုတ်ခြေကလည်း အားနည်းမှုတွေရှိနေတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလုံးဝမရှိဘူး။

ဟားလ် - ဗီလာ ည ၈း၃၀ (၅-၁၀-၂၀၁၃)

ဗီလာဟာ မန်စီးတီးကို အနိုင်ရရှိခဲ့တာမှန်တယ်။ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲအထိ အနိုင်ရထားတယ်။ ဒါပေမယ့် ဒီပွဲမှာတော့ အနိုင်ရရေးရုန်းကန်ရနိုင်တယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးတဲ့ ဟားလ်ခံကစားအား ကောင်းမွန်လွန်းတယ်။ အိမ်ကွင်းအားလည်းရှိတယ်။

လီဗာပူး - ပဲလေ့စ် ည ၈း၃၀ (၅-၁၀-၂၀၁၃)

လီဗာပူးက ခြေကောင်းနေတယ်။ စတားရစ်ချ်နဲ့ ဆွာရက်ဇ်တို့ တိုက်စစ်အတွဲက နားလည်မှုရှိပြီး ထိုးဖောက်အားကောင်းတယ်။ ပဲလေ့စ်ခြေ အားနည်းမှုတွေများတယ်။ နောက်ဆုံးငါးပွဲမှာ လေးပွဲရှုံးထားတယ်။ လီဗာပူးကွင်းလည်းဖြစ်တယ်။

ဆန်းဒါးလန်း - မန်ယူ ည ၁၁း၀၀ (၅-၁၀-၂၀၁၃)

ဆန်းဒါးလန်းက ဒီကာနီယို ထုတ်ပယ်မှုနဲ့အတူ ခြေပိုမငြိမ်ဘူး။ မန်ယူက ခြေလုံးဝမငြိမ်တာမှန်တယ်။ ဥရောပပွဲကစားခဲ့ရလို့ ပွဲပန်းလာမှုလည်းရှိတယ်။ ဒါပေမယ့် မန်ယူအတွက် မဖြစ်မနေ အနိုင်ရဖို့လိုနေတဲ့အချိန်ဖြစ်တယ်။

နော့ဝှစ်ချ် - ချယ်လ်ဆီး ည ၇း၀၀ (၆-၁၀-၂၀၁၃)

နော့ဝှစ်ချ်က ခြေမငြိမ်ဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းလွန်းတယ်။ ဒါကြောင့် ချယ်လ်ဆီးကို တံ့ပြန်ကစားဖို့ဆိုတာမလွယ်ဘူး။ စပါးနဲ့ သရေကျခဲ့မှုကြောင့် ချယ်လ်ဆီးအနိုင်ပြန်ရှာမှာပါ။

ဆောက်သမ်တန် - ဆွမ်ဆီး ည ၇း၀၀ (၆-၁၀-၂၀၁၃)

ဆွမ်ဆီးကလည်း ကစားပုံကောင်းပြီး ဂိုးသွင်းခြေရှိတယ်။ ဆောက်သမ်တန်က တိုက်စစ်ပိုင်း ဂိုးသွင်းခြေမငြိမ်ပေမယ့် အသင်းလိုက်ကစားပုံကောင်းတယ်။ အိမ်ကွင်းခြေမာကျောမှုရှိပြီး ကစားပုံပိုကောင်းတယ်။

စပါး - ဝက်စ်ဟမ်း ည ၉း၃၀ (၆-၁၀-၂၀၁၃)

စပါးက တိုက်စစ်ပိုင်း ဂိုးသွင်းခြေ အားနည်းပေမယ့် အိမ်ကွင်းအားရှိတဲ့အပြင် အသင်းလိုက် ကစားပုံလည်း အားကောင်းနေတယ်။ နောက်ဆုံးငါးပွဲဆက်တိုက် အနိုင်မရခဲ့တဲ့ ဝက်စ်ဟမ်းခြေက အားပျော့လွန်းတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာ ဂိုးသွင်းခြေမငြိမ်ပုံနဲ့ တံ့ပြန်ကစားဖို့ မလွယ်ဘူး။

ဝက်စ်ဘရွန်း - အာဆင်နယ် ည ၉း၃၀ (၆-၁၀-၂၀၁၃)

ကားလင်းဖလားပြိုင်ပွဲမှာ ဒီနှစ်သင်းဆုံခဲ့တော့ လူငယ်တွေများတဲ့ အာဆင်နယ် မိနစ် ၉၀ မှာ မနိုင်ခဲ့ဘူး။ ဒါပေမယ့် ယခု ပရီမီယာလိဂ်မှာ အာဆင်နယ်သာ လူကုန်ထုတ်လာရင် ဝက်စ်ဘရွန်း အခက်တွေ့မှာပါ။ ဝက်စ်ဘရွန်း အိမ်ကွင်း ဖြစ်ပေမယ့် အာဆင်နယ်ကပဲ ဖိအားပေးအနိုင်ယူသွားဖို့ရှိတယ်။

တိုက်စစ်မှူး ရွန်းနီအား အင်္ဂလန်အသင်းအတွက် ရှိုင်းဟော့ဂ်ဆန်ရွေးချယ်

အင်္ဂလန်နှင့် မန်ယူအသင်းတို့၏ အားထားရသော တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ရွန်းနီအား ဦးခေါင်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် မော်ဒိုဗာအသင်း၊ ယူကရိန်းအသင်း စသည့် အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်များတွင် ရွေးချယ်ခဲ့ခြင်းမရှိခဲ့သော်လည်း လက်ရှိတွင် အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်က အင်္ဂလန်အသင်း၏ တိုက်စစ်မှူးတစ်ဦးအဖြစ် ရွေးချယ်လိုက်ပြီ ဖြစ်သည်။

မန်ယူတိုက်စစ်မှူး ရွန်းနီသည် ဒဏ်ရာပြဿနာကြုံခဲ့ရ၍ မန်ယူအသင်း၏ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)နှင့် လွဲချော်ခဲ့ရပြီး ဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်သောကြောင့် လာမည့်သီတင်းပတ်တွင် အသင်းနှင့်အတူ ပါဝင်ပွဲထွက်လာနိုင်မည်ဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

ထို့ကြောင့် အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်က အောက်တိုဘာ ၁၁ ရက်(သောကြာနေ့)တွင် ယှဉ်ပြိုင်ကစားမည့် မွန်တီနီဂရိုးအသင်းနှင့်ပွဲစဉ်၊ အောက်တိုဘာ ၁၅ ရက်(အင်္ဂါနေ့)တွင် ယှဉ်ပြိုင်ကစားမည့် ပိုလန်အသင်းနှင့်ပွဲစဉ်များဖြစ်သည့် ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်များတွင် အင်္ဂလန်အသင်း၏ အဓိကတိုက်စစ်မှူးတစ်ဦးအဖြစ် ရွန်းနီကို ရွေးချယ်ထားကြောင်း သိရသည်။

တိုက်စစ်မှူးရွန်းနီသည် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ အောက်တိုဘာ ၅ ရက်တွင် ဆန်းဒါးလန်းအိမ်ကွင်းသို့ သွားရောက်ကစားရမည့် မန်ယူအသင်း၏ ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း ပါဝင်လာနိုင်မည်ဟု မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်က ယုံကြည်ထားကြောင်း သိရသည်။

လက်ရှိတွင် အင်္ဂလန်အသင်းအတွက် နည်းပြ ရှိုင်းဟော့ဂ်ဆန်ခေါ်ယူရန် ရွေးချယ်ထားသည့် ကစားသမားများမှာ ဂိုး-ဖရေဇာဖော်စတာ၊ ဂျိုးဟတ်၊ ဂျွန်ရက်ဘီ၊ နောက်တန်း-လေတန်ဘိန်းစ်၊ ကာဟေးလ်၊ အက်ရှ်လေကိုးလ်၊ ဂျာဂယ်လ်ကာ၊ ဖီးလ်ဂျုံးစ်၊ စမောလင်း၊ ဝေါ့ကာ၊ ကွင်းလယ်-ဘာကလေ၊ ကားရစ်၊ ကလီဗာလေ၊ ဂျာရတ်၊ လမ်းပတ်၊ မီနာ၊ တောင်ဆန်၊ ဝီရှိုင်းယား၊ ရှေ့တန်း-ဒီဖိုး၊ ရစ်ကီလမ်းဘာ့၊ ရွန်းနီ၊ စတားရစ်၊ ဝဲလ်ဘက် စသည့် ကစားသမားများဖြစ်သည်။

ငွေကြယ်

စပိန်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ပါဝင်ကစားရန် ဒီယေဂိုကော်စတာဆန္ဒရှိနေ

အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် လက်ရှိကလပ်အက်သလက်တီကိုမက်ဒရစ် အသင်းအတွက် အကောင်းမွန်ဆုံးခြေစွမ်းများရှိနေသည်ကို ထုတ်ဖော်ပြသခဲ့ပြီးနောက် နည်းပြဒယ်ဘိုစကေး၏ စပိန်အသင်းတွင် ပါဝင်ကစားရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ၂၀၀၇ ခုနှစ်တွင် ရိုဂျီဘလန်ကို့စ်အသင်းနှင့် ပထမဦးစွာ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် စပိန်နိုင်ငံသားအဖြစ် ခံယူခဲ့သူဖြစ်ကြောင်းနှင့် စပိန်အသင်း၏ ကမ္ဘာ့ဖလားဥရောပဇုန် ခြေစစ်ပွဲစဉ်တွင် ပါဝင်ကစားရန် အကြမ်းအားဖြင့် သဘောတူညီမှုရရှိထားကြောင်းလည်း စပိန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

သို့ရာတွင် အဆင့်ဆင့်အုပ်ချုပ်ရသော စနစ်တစ်ရပ်ရှိနေခြင်းကြောင့် တိုက်စစ်မှူး ဒီယေဂိုကော်စတာ သည် ဘယ်လာရုစ်အသင်း၊ ဂျော်ဂျီယာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် စပိန်အသင်း၏ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်တွင် ပါဝင်လာလိမ့်မည်မဟုတ်ကြောင်း သိရသည်။တိုက်စစ်မှူး ဒီယေဂိုကော်စတာအနေဖြင့်မူ လက်ရှိအနေအထားအရ အဆင့်ဆင့်အုပ်ချုပ်သောစနစ်ကြောင့် အဟန့်အတားတစ်ရပ်ရှိနေလင့်ကစား စပိန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။







အထက(၃)ဒဂုံ(ယခင်) မြို့မအမျိုးသမီးကျောင်း

အထက(၃)ဒဂုံ (ယခင်)မြို့မအမျိုးသမီးကျောင်း မြတ်ဆရာကျေးဇူးဆပ်ဂုဏ်ပြုပူဇော်ပွဲကို ၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၁၀-၂၀၁၃ရက်
အချိန် - နံနက် ၉ နာရီ
နေရာ - မြို့မခန်းမ၊ အထက(၃)ဒဂုံ

မြတ်ဆရာကျေးဇူးဆပ်ဂုဏ်ပြုပူဇော်ရေးအဖွဲ့

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၈-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)နှင့် ကြေးမုံသတင်းစာ စာမျက်နှာ(၇)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်-၉၈၇ အစား မြေကွက်အမှတ် ၉၈၇/က၊ ဇီဇဝါလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော် အောင်မျိုးသူ[၁၂/သကတ(နိုင်)၁၇၅၀၉၇] (CDC- ၇၄၀၁၁)၏ EER (Engine-room-watch-keeping) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်)

ဖုန်း-၀၉-၄၂၀၁၃၉၄၈

အငှားယာဉ်မောင်းထံမှ လုယက်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၄

တောင်ဥက္ကလာပမြို့နယ် (၇) ရပ်ကွက် ပြဟ္မာစိုရ်လမ်းနေ ဦးအောင်ဇော်ဦး (၄၅) နှစ် အငှားယာဉ်မောင်းသည် အောက်တိုဘာ ၃ ရက် နံနက် ၁ နာရီခွဲခန့်တွင် ၎င်းပိုင် AA/--- တိုယိုတာ အငှားယာဉ်အား မောင်းနှင်လာစဉ် သယ်န်းကျွန်းမြို့နယ် ဘီအိုစီမှတ်တိုင်အနီးအရောက် လူငယ်လေးဦးက ကားကိုတား၍ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းသို့ ငွေကျပ် ၂၀၀၀ ဖြင့်ငှားရမ်းသဖြင့် ပို့ဆောင်ပေးခဲ့သည်။

ဖိုးစိန်လမ်းသို့ ရောက်စဉ် နတ်မောက်လမ်းသွယ်(၁) သို့ ပို့ရန် ပြောသဖြင့် ဆက်လက်ပို့ပေးရာ ရောက်သောအခါ ကားကိုရပ်ခိုင်းပြီး နောက်ခန်းတွင်ထိုင်နေသော လူငယ်သုံးဦးအနက် တစ်ဦးက ဦးအောင်ဇော်ဦး၏ ပါးစပ်အား လက်ဖြင့်ပိတ်၍ တစ်ဦးက ချွန်ထက်သောအရာဖြင့် လည်ပင်းကိုထောက်ကာ ကျန်တစ်ဦးက လက်သီးဖြင့်ထိုးပြီး "မအော်နဲ့ အော်ရင် သတ်ပစ်မယ်" ဟုပြောဆို၍ ကားအား မီးပိတ်၊ စက်ရပ်ခိုင်းပြီး ရှေ့ခန်းတွင်ထိုင်သူက ဦးအောင်ဇော်ဦး၏ အကျႌအိတ်ကပ်အတွင်းမှ ငွေကျပ် ၂၀၀၀၀ ကို ယူဆောင်၍ ကားပေါ်မှ ဆင်းပြေးသွားကြသဖြင့် ၎င်းအမည်မသိသူ လေးဦးအား အရေးယူပေးရန် တိုင်တန်းသဖြင့် ဗဟန်းရဲစခန်းက (ပ) ၃၈၆/၁၃၊ ပြစ်မှုပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ခဲ့သည်။

ထို့နောက် အမှုစစ်ဒုရဲမှူး မြင့်လွင်ဆန်း (စခမ) နှင့် နယ်ထိန်းအဖွဲ့၊ တာဝန်မှူး အဖွဲ့တို့က ပိတ်ဆို့ရှာဖွေဖမ်းဆီး ခဲ့ရာ နံနက် ၃ နာရီ ၅၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေသူ မင်းသက်ငြိမ်း(၁၈) နှစ်၊ တာမွေမြို့ နယ်နေသူ မိုးထက်ဟိန်း (၁၇) နှစ်၊ ဟိန်းထက်အောင် (၁၆) နှစ်နှင့် ဝါးခယ်မမြို့နယ်နေသူ ကျော်ရဲအောင် (၂၀) နှစ် တို့အား ဗဟန်းမြို့နယ် ကန်တော်ကြီးပတ်လမ်းနှင့် ဖိုးစိန်လမ်းထောင့်တို့၌ ဖမ်းဆီးရမိခဲ့သဖြင့် လုယက်မှုဖြင့် စစ်ဆေးလျက်ရှိသည်။

(၃၁)

တောင်ပေါ်လမ်းတွင် ခြောက်လှန့်ငွေတောင်းခံနေသူ အရေးယူ

တောင်ငူ အောက်တိုဘာ ၄

ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ် မီးခတ်ချောင်းကျေးရွာ တံတားတွင် ခရီးသွားလာသည့် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များထံမှ ခြောက်လှန့်ငွေတောင်းခံနေသူ နှစ်ဦးအား အောက်တိုဘာ ၁ ရက်က ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုရဲစခန်း အပိုင် သံဘိုတောင်ကျေးရွာအုပ်စု မီးခတ်ချောင်းကျေးရွာတံတားတွင် ဝါးမောင်းတံဖြင့် လမ်းပိတ်ဆို့ပြီး ခရီးသွားလာသည့် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များထံမှ ခြောက်လှန့်ငွေတောင်းခံသူ စောအောင်ကိုလတ် (၃၀)နှစ် ကျပန်း (၃) ရပ်ကွက် သံတောင်မြို့နေသူနှင့် တစ်ရပ်ကွက်တည်းနေသူ စောနေဘလူး(၂၃)နှစ် ကျပန်းနှစ်ဦးတို့အား ငွေကျပ် ၁၁၀၅၀၀ နှင့်အတူ တွေ့ရှိခဲ့သည်။

ဝါးမောင်းတံဖြင့်လမ်းပိတ်ဆို့ခြောက်လှန့်ငွေတောင်းခံသူ စောအောင်ကိုလတ်နှင့်စောနေဘလူးတို့အား အရေးယူပေးရန် တိုင်တန်းသဖြင့် ရဲစခန်းက ၎င်းတို့နှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(၁၂၉)**

လမ်းလယ်ကျွန်းရှိ ကွန်ကရစ်တိုင်များအား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်သည့်ကား

နေပြည်တော် အောက်တိုဘာ ၄

မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၁၈/၁-၂) ကြားတွင် အောက်တိုဘာ ၁ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နေပြည်တော်မှ ရန်ကုန်သို့ ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက်နေ နေလင်း (၄၃)နှစ် မောင်းနှင်လာသည့် ၉င/. . . . ပရာဒိုမီးခိုးရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ကွန်ကရစ်တိုင်များအား ဝင်ရောက်တိုက်မိတိမ်းမှောက်ခဲ့ကြောင်း တွေ့ရသည်။ ထိုသို့တိုက်မိမှုကြောင့် နေလင်းတွင် ဦးခေါင်းထိခိုက်၊ ဝဲလက်မောင်းပွန်းပဲ့၊ ယာတံတောင်/ယာလက်ကောက်ဝတ် ပွန်းပဲ့ဒဏ်ရာများနှင့် တစ်မြို့တည်းနေ ကျော်သူငြိမ်း (၃၂)နှစ်တွင် ယာလက်ခုံ/ယာလက်မောင်းပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ နေလင်းအား သီးကုန်းအမြန်လမ်းရဲစခန်းက ယာဉ်(ပ)၂၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

DVD စက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဘိန်းဖြူများ ဖမ်းဆီးရမိ

(ရဲပြန်ကြား)

နေပြည်တော် အောက်တိုဘာ ၄

ရှမ်းပြည်နယ် အမှတ် (၂၄) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂ ရက်က သက်သေများနှင့်အတူ နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၇၈/၅)တွင် မူဆယ်မှ မန္တလေးသို့မောင်းနှင်လာသည့် ၆ယ/. . . . ခရီးသည်တင်မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ရွှေလက်ရွာနေ မင်းသူအောင် (၂၄)နှစ်နှင့် ဖားကန့်မြို့နယ် ရှုဒူဇွပ်ကျေးရွာနေ မထမ်းဆန် (၅၄)နှစ်တို့နှစ်ဦး သယ်ဆောင်လာသော ခရီးဆောင်အိတ်အတွင်းပါရှိသည့် DVD စက်အတွင်းမှ ဘိန်းဖြူ ၆၀ ဂရမ် တန်ဖိုးငွေကျပ် ၁၁၄၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းသူအောင်နှင့် မထမ်းဆန်တို့နှစ်ဦးအား နောင်ချိုမြို့မရဲစခန်းက မယ(ပ)၅၃/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

လှည်းကူးမြို့နယ်၌ လူတစ်ဦး မိုးကြိုးပစ်ခံရပြီး သေဆုံး

လှည်းကူး အောက်တိုဘာ ၄

လှည်းကူးမြို့နယ် တံခွန်တိုင်ကျေးရွာတွင် အောက်တိုဘာ ၂ ရက်က လူတစ်ဦး မိုးကြိုးပစ်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၃ နာရီခွဲက လှည်းကူးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာတွင် လူတစ်ဦးနေအိမ်အတွင်း၌ မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း ဖုန်းသတင်းအရ လှည်းကူးမြို့မရဲစခန်းတပ်ဖွဲ့ဝင်များသည် ၎င်းကျေးရွာသို့သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ကျော်ငွေး (ဘ)ဦးခင်လှိုင်ဖြစ်ကြောင်း သိရပြီး နေအိမ်တဲတွင်ထိုင်နေစဉ် မိုးကြိုးပစ်ခံရ၍ ကျောပြင်တွင် မီးလောင်ကျွမ်းဒဏ်ရာရရှိကာ အခြားပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ သေဆုံးနေသဖြင့် လှည်းကူးမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၂၃/၂၀၁၃)ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်၍ ယာဉ်များ ဆင့်ကဲတိုက်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဘုရားကုန်းလမ်းဆုံ၌ အောက်တိုဘာ ၁ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ် ခန့်က မောင်ကို(၁၂) ရပ်ကွက် ခရမ်းမြို့နေသူ မောင်းနှင်လာသော တောင်ပိုင်းခရိုင် ခရမ်းခရီးသည်တင်ယာဉ် ၇ခ/. . . . သည် ဘုရားကုန်းလမ်းဆုံအရောက် ရန်ကုန်ဘက်သို့ ချိုးကွေ့ရာမှ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောရှိ စားသောက်ဆိုင်ရှေ့တွင် ရပ်ထားသော Town Ace အဖြူရောင်နှစ်စီးနှင့် Toyota Vista Lpsum ၄ယ/. . . အဖြူရောင်ယာဉ်တို့အား ဝင်ရောက်တိုက်မိရာ ခရီးသည်တစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။ **(တံတားကျော်လွင်)**



အမည်ပြောင်း

အထက(၂)ကမာရွတ်၊ သူငယ်တန်း(D) တွင် ပညာသင်ကြားနေသော ဦးအောင်လွန်းမောင်၏သား မောင်သက်မင်းအောင်အား မောင်သီဟမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်သီဟမင်းအောင်

ရောင်းမည်

Corona Van 2B/ (၇၄)သိန်း
Light Truck ၈ဏ/ (၇၂)သိန်း
Toyota Camry 1B/ (၈၄)သိန်း
M-Mini, QQ 3 ရောင်း/ဝယ်/ငှား
ဖုန်း-၀၉ ၄၂၈၀၂၁၃၉၉

ဖခင်အမည်မှန်

မမေမြတ်နိုးသူ [၇/လပတ(နိုင်) ၁၅၇၃၇၇]၏ ဖခင်အမည်မှာ ဦးအောင်ကျော်ဦးနှင့် ဦးကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါသည်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ (၆)ရပ်ကွက်၊ အမှတ်-၁၄၄(၇-လွှာ)၊ I & R Co.,Ltd တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်(ခ)အီစမာအင်[၁၂/ပဘတ(နိုင်)၀၂၄၈၅၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်သည် တရုတ်(တိုင်ပေ)(ထိုင်ဝမ်)နိုင်ငံ Rotar Machinery Industrial Co.,Ltd.(ROTAR GROUP)မှ ထုတ်လုပ်သော TOPTUL အမှတ်တံဆိပ်ပါ စက်နှင့်လက်သုံးကိရိယာ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို တရားဝင်တင်သွင်းလုပ်ကိုင်နေသော မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်ပါသည်။

ဦးမျိုးအောင်က မြန်မာပြည်အတွင်းရှိ အစိုးရဌာနဆိုင်ရာအသီးသီးသို့ TOPTUL အမှတ်တံဆိပ်ပါ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပေးသွင်းဆောင်ရွက်စေရန် ၃၁-၁၂-၂၀၁၃ရက်အထိ

၁။ FORWARD MTN GROUP Co.,Ltd.
အမှတ်-၁၇၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

၂။ BE ONE TRADING Co.,Ltd.
အမှတ်-၁၀၄/တိုက်-၁၊ မြေနီခြံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ RHL Co.,Ltd.
အမှတ်-၂၈(အေ)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ကုမ္ပဏီသုံးခုတည်းကို သာခွင့်ပြုချက်ပေးအပ်ထားပါသည်။

ယခုအခါ TOPTUL အမှတ်တံဆိပ်ကို ထုတ်ကုန်ပစ္စည်းများပေါ်တွင် ဆင်တူယိုးမှား တုပရိုက်နှိပ်ပြီး အစိုးရဌာနဆိုင်ရာများသို့ လာရောက်ပေးသွင်းခြင်းများပြုလုပ်နေကြောင်း စုံစမ်းသိရှိရပါသည်။ အဆိုပါလုပ်ရပ်မှာ ဥပဒေနှင့်ဆီလျော်ခြင်း မရှိပါကြောင်းနှင့်အထက်ဖော်ပြပါ ကုမ္ပဏီ(၃)ခုမှအပ မည်သည့်ပုဂ္ဂိုလ် လုပ်ငန်းစု၊ ကုမ္ပဏီတစ်ခုခုကိုမျှ TOPTUL အမှတ်တံဆိပ်ပါ ထုတ်ကုန်ပစ္စည်းများ ပေးသွင်းခွင့် ပေးအပ်ထားခြင်း မရှိပါကြောင်း ကြေညာအပ်ပါသည်။

သို့ပါ၍ TOPTUL အမှတ်တံဆိပ်ကို အသုံးပြု၍စက်နှင့်လက်သုံးကိရိယာထုတ်ကုန် ပစ္စည်းအမျိုးမျိုးပေါ်တွင် ရိုက်နှိပ်စွဲကပ်အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ထင်ယောင် ထင်မှားသုံးစွဲခြင်းများမပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစန်းမြင့် **LL.B, DLP, WIPO(Switzerland)** တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၉၀)
အခန်း(၄၀၂)၊ တိုက်(၂)၊ ၁၂လမ်း(အေ)၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၉၉၀၈၃

ပြည်တွင်းရေးရာ

တောင်တွင်းကြီးမြို့ ရွှေဟောင်းသမိုင်းဝင်အောင်မြင်ဇေယျစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ ပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၄

ရှေးဟောင်းသမိုင်းဝင်အောင်မြင်ဇေယျစေတီတော်မြတ်ကြီးအား မင်းပြောင်မင်းနှင့် မိဖုရားနူမာလာတို့က ကောဇာသက္ကရာဇ် ၁၉၂ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ မြို့သစ်နန်းသစ်တည်ထောင်၍ မြို့ဦးထိပ်တွင် မြတ်စွာဘုရား၏ သရီရဓာတ်တော် မွေတော်များဖြင့် ဌာပနာပြီး တည်ထားကိုးကွယ်ရာ မြန်မာနိုင်ငံ၌ ဉာဏ်တော်တတိယအမြင့်ဆုံးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

စေတီတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်(ခရစ်နှစ် ၁၉၃၈ ခုနှစ်)တွင် ရာသီဥတုဒဏ်ကြောင့် ပြိုကျမြေခဲ့ရာ ယခုအခါ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ စေတီတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိပြီး မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (နိုဝင်ဘာ ၂၃ ရက်၊တနင်္ဂနွေနေ့)တွင် ဆရာတော်သံဃာတော်အပါး ၄၅၀ တို့ဖြင့် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ သဒ္ဓါကြည်လင်ပါရမီရှင် အလှူရှင်များသည် စေတီတော်ကြီးအတွက် ကုသိုလ်ပြုလှူဒါန်းလိုပါက တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးဖုန်း-၀၆၃-၂၆၆၃၈၊ ၀၉-၅၃၄၁၇၀၃၊ ခရိုင်အုပ်ချုပ်ရေးမှူး ဖုန်း- ၀၆၃-၂၃၀၅၅၊ ၀၉-၄၄၈၅၃၄၄၃၃နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဖုန်း-၀၆၃-၅၀၀၀၃၊ ၀၉-၄၂၅၀၁၂၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

(အေးသန်း)

ပညာသင်ထောက်ပံ့စရိတ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၄

သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒု-ဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)နှင့် အမှုဆောင်ကော်မတီဝင်များက စစ်မှုထမ်းအဖွဲ့ဝင်များ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မူလတန်း၊အလယ်တန်း၊ အထက်တန်း၊တက္ကသိုလ်ဝင်တန်းအသီးသီးတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၈ ဦးအတွက် ဗဟိုစစ်မှုထမ်းဟောင်းဌာနချုပ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ပညာသင်ထောက်ပံ့ငွေ ၄၄၄၅၀၀၀ ကျပ်ကို စက်တင်ဘာ ၂၉ ရက်က သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းရုံးတွင် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အရုဏ်ရှုခင်းမြင်ကွင်းလှသည့် မြို့ပုသိမ်

ပုသိမ် အောက်တိုဘာ ၄

ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သကဲ့သို့ လယ်ယာစီးပွား၊ရောင်းရေးဝယ်တာဘက်စုံဖွံ့ဖြိုးစည်ပင်လျက်ရှိသော မြို့ဖြစ်သည်။

ဗုဒ္ဓသာသနာပြု ပရိယတ္တိစာသင်တိုက်ကြီးများ၊ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများစွာရှိသည်။

ထို့အတူရဟန်းသာမဏေ၊ သီလရှင်များ ပစ္စည်းလေးပါးပြည့်စုံစေရန် ရည်သန်လျက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားအရှေ့မုခ်၌ ရှေးဟောင်းဒေါ်လှရင်ဓမ္မာရုံကို ကျပ်သိန်းပေါင်း ၂၀၀၀ ကျော် ကုန်ကျခံလျက် ခံ့ညားထည်ဝါသော ဝိသာခါ (ဒေါ်လှရင်) ဆွမ်းလောင်းဓမ္မာရုံကြီးအဖြစ် ပြုပြင်တည်ဆောက်ကာ ဇူလိုင် ၂၁ ရက်တွင်ဖွင့်လှစ်ပြီး ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးဆောင်အဖွဲ့က ကြီးမှူးပြီး မြို့လုံးကျွတ်သံဃာအပါး ၃၀၀၀ ကျော်၊ သီလရှင်အပါး ၁၀၀၀ ကျော်တို့အား ဝါတွင်းသုံးလတိုင်တိုင် အရုဏ်ဆွမ်း၊ သက်န်း၊ ဆေးဝါး၊ ဝတ်စုံပြည့်စုံစွာဖြင့် နေ့စဉ်မပျက် မြို့မိမြို့ဖ အလှူရှင်များက အလှည့်ကျလောင်းလှူလျက်ရှိရာ စက်တင်ဘာ ၁၉ ရက်(တော်သလင်းလပြည့်)အရုဏ်ဦးတွင် ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် မရမ်းချိုလမ်းနေ ဦးသန်းဦး-ဒေါ်စိုးစိုးရီ၊ သမီးမဆုရတနာဗိုလ်၊ မြေးမောင်ရှင်းသန့်ဗိုလ် (ခိုင်ရွှေစင်သောက်ရေသန့်ကုမ္ပဏီ)မိသားစုက မိခင်ကြီးဒေါ်အုန်းကျင်၊ သားမောင်သန်းထွဋ်နိုင်တို့အား ရည်စူး၍ မြို့လုံးကျွတ်သံဃာအပါး ၃၀၀၀ ကျော်တို့အား အရုဏ်ဆွမ်း၊ ဝါဆိုသက်န်းလောင်းလှူကြသည့်အရုဏ်ရှုခင်းမြင်ကွင်းအလှ**(ဓါပုံ)**က ပီတိဝမ်းမြောက်ဖွယ်ရှိလှသည်။

ပုသိမ်(လှကြည်)

မီးရှူးမီးပန်းပစ်လွှတ်ခြင်း မပြုလုပ်ရန် တားမြစ်

ကလေး အောက်တိုဘာ ၄

မုံရွာမြို့နယ်အတွင်း အများပြည်သူများသိရှိလိုက်နာစေရန် မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီက စက်တင်ဘာ ၂၃ ရက်စွဲဖြင့် အမိန့်အမှတ် ၁/၂၀၁၃ ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မည်သူမဆို မုံရွာမြို့နယ်အတွင်း ဗျောက်အိုးနှင့် မီးရှူးမီးပန်းများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဗျောက်အိုးဖောက်ခြင်း၊ မီးရှူးမီးပန်းပစ်လွှတ်ခြင်း မပြုလုပ်ကြရန် တားမြစ်ထားပြီး ထိုအမိန့်ကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများပြည်သူများ သိရှိလိုက်နာရန် ထုတ်ပြန်ထားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

အစိုးရကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဘားအံမြို့
ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(၆)ဖွဲ့နှင့် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ခွဲ(၁)ဖွဲ့တို့မှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် မြို့ပြ၊ ကျေးလက်လမ်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ၈၀/၁၀၀ ကတ္တရာ (၂၁၈. ၀၂) တန်ကို ဝယ်ယူလိုသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက် - ၂-၁၀-၂၀၁၃ ရက်
အချိန်၊ နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
နေရာ - ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက် - ၂၀-၁၀-၂၀၁၃ ရက်၊
အချိန်၊ နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
နေရာ - ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာအား ထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင်ပါဝင်သည့် ကတ္တရာပီပါ အရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty) ပေးဆောင်ထားပြီးကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကတ္တရာအရည်အသွေးစစ်ဆေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားနိုင်ပါမည်-

CHARACTERISTICS	SPECIFICATION	TEST METHOD
Specific Gravity@25/27 ·C	1.001/1.05	D-70
Penetration@25·C	80/100	D-5
Softening Point ·C	45/52	D-36
Ductility@25·C	100min	D-113
Loss on HEATING(wt)%	0.5max	D-6
Drop in Peneration after Heating%	20max	D-6&D-5
Flash Point C	225min	D-92
Solubility in CS2(wt)%	99.05min	D-4
Spot test	Negative	A.A.S.H.O.T 102

၃။ တင်သွင်းမည့်ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုးအပေါ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေရမည့် သတ်မှတ် With Holding Tax ကိုခုနှိမ်၍ ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၏ တောင်ငူ-ကမာနတ် ၅၀၀ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက် လိုအပ်သော Survey တိုင်းတာခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်နိုင်သော ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် တင်ဒါခေါ်ဆိုလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	66/11KV,11/3.3KV, 11/0.4 KV Substation Accessories	6 Lots	နိုင်ငံခြားငွေ
(ခ)	Komatsu Excavator Spare Parts	1 Lot	နိုင်ငံခြားငွေ
(ဂ)	66/11KV, 11/3.3KV, 11/0.4 KV Transformer	9 Nos	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၁၄-၁၀-၂၀၁၃ ရက် (၁၅း၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၂၉၅၊ ၀၆၇-၄၁၁၃၀၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများတွင် အသုံးပြုရန် အောက်ပါဓာတ်ခွဲခန်းသုံးဓာတုပစ္စည်း၊ Media နှင့် လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း အကြောင်းကြားပါသည်-

(က) ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်း၊ Media နှင့် လုပ်ငန်းသုံးပစ္စည်း (၃၀)မျိုး
(ခ) ရုံးသုံးစက်ပစ္စည်း (၅)မျိုး

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် ခဲမဖြူသတ္တုစင်(Electro Refined Tin) ၂၀၀၀၀ မတ်ထရစ်တန်ခန့်၊ သတ္တုသန့်စင်များနှင့် အခြားရောရာသတ္တုများအား အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၀ နှင့် ၀၆၇-၄၀၉၃၉၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်(၁၂)၊ ၇၂လမ်း × ၇၃လမ်းကြား၊ ခိုင်ရွှေဝါလမ်းနှင့်မနော်ဟာရီလမ်းကြား ဦးချစ်ဆွေအမည်ပေါက်ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးချစ်ဆွေ လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ညီမဖြစ်သူ ဒေါ်သောင်းနှင့် ဦးဆောင်ဟော်တို့ကလည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသော(တူ/သား) ဦးရီချန်[၁၃/လရန(နိုင်)၀၈၁၀၂၅]မှ ဂရန်မိတ္တူ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်းမိတ္တူမှန်တို့တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြစ်မြစ်အတွင်းရှိ ဆီတင်တွဲယာဉ်များ မီးဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များ လုံခြုံမှုရှိ၊ မရှိ စစ်ဆေး

မြိတ် အောက်တိုဘာ ၄

မြိတ်ဒေသအတွင်း ရေလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ငါးဖမ်းလှေများ၊ ပို့ဆောင်ရေးရေယာဉ်များအသုံးပြုရန်အတွက် လုပ်ငန်းများလုပ်ကိုင်လျက်ရှိသော မြိတ်မြစ်အတွင်းရှိဆီတင်တွဲယာဉ်များ မီးဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များလုံခြုံမှုရှိ၊ မရှိ စစ်ဆေးခြင်းကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရေကြောင်းဦးစီးဌာန ဆိပ်ကမ်းအာဏာပိုင်နှင့် မီးသတ်ဦးစီးဌာနတို့မှ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆီတင်တွဲယာဉ်များစစ်ဆေးခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ဆိပ်ကမ်းအရာရှိ ဦးမြတ်စိုးဝင်းက ဆီတွဲယာဉ်ပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးတာဝန်ကျသူများအနေဖြင့် စည်းစနစ်တကျ အထူးဂရုပြုဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ရေကြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ထွေးက အရေးပေါ်မီးလောင်ကျွမ်းပါက တားဆီးနိုင်ရေးအတွက် လိုအပ်သည့်မီးငြိမ်းသတ်ပစ္စည်းများကို စနစ်တကျ အသုံးပြုနိုင်ရေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက မီးသတ်ဆေးဘူးများတွင် သက်တမ်းလွန်မီးသတ်ဆေးဘူးများကို အသစ်လဲလှယ်ထားရှိရေးနှင့် သတ်မှတ်ဆေးဘူးအရေအတွက် အမြဲအသင့်ရှိရေး ရှင်းလင်းပြောကြားခဲ့သည်။ မြိတ်မြစ်အတွင်းရှိ ဆီတင်တွဲယာဉ်များမီးဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များကင်းရှင်းရေးအတွက် သီတာကုမ္ပဏီ၊ လင်းဖြိုးအောင်ကုမ္ပဏီ၊ GP ကုမ္ပဏီ၊ ခိုင်ယင်ဇော်ကုမ္ပဏီ၊ ဧရာနဒီကုမ္ပဏီ၊ ရွှေမြန်အောင်ကုမ္ပဏီ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ထူးထူးတိုးကုမ္ပဏီနှင့် ဦးကျော်လွင် ဆီတင်တွဲယာဉ်များအား ရေပိုက်ခေါင်းဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းများ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

(ခိုင်ထူး)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲ ဖျော်ဖြေရေးအစီအစဉ်များတွင် ကူညီမည့် မွန်ပြည်နယ်ယဉ်ကျေးမှု မောင်မယ်များအဖွဲ့ စက်တင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် မော်လမြိုင်မှ နေပြည်တော်သို့ မထွက်ခွာမီ တွေ့ရစဉ်။

(၆၉၄)

ကလေးမြို့၌ ၂၄ နာရီလျှပ်စစ်မီး ရရှိရေးဆွေးနွေး

ကလေး အောက်တိုဘာ ၄

ကလေးမြို့တွင် ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် ထွန်းသွင်သတ္တုတူးဖော်ရေးကုမ္ပဏီအနေဖြင့် ကလေးမြို့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်ပူးပေါင်း၍ စက်တစ်လုံးလျှင် သုည ဒသမ ၅ မဂ္ဂါဝပ်မီးစက်ငါးလုံးဖြင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကလေးမြို့တွင် ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ပြည်သူများနှင့် ထွန်းသွင်ကုမ္ပဏီတို့အကြား တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၁၈ ရက်က ကလေးမြို့ နေရဋ္ဌရာခန်းမ၌ ကျင်းပခဲ့သည်။ ကလေးမြို့တွင် ယခုလက်ရှိလျှပ်စစ်မီးကို အလှည့်ကျခွဲတမ်းစနစ်ဖြင့် တစ်ရက်လေးနာရီ နှုန်းပေးနေပြီး နွေရာသီတွင် လက်ရှိခွဲတမ်းထက်ပို၍နည်းစွာ ရရှိကြောင်း သိရသည်။ ကလေးမြို့ပေါ် ၁၉ ရပ်ကွက်၌ အိမ်ခြေ ၁၈၇၉၁၊ အိမ်ထောင်စု ၁၉၅၉၁စု ရှိကာ လျှပ်စစ်မီးသုံးစွဲသူ ၄၀၆၉ ဦးရှိကြောင်း ကလေးမြို့ ၁၉ ရပ်ကွက်အနက် မြို့လှရပ်ကွက်၊ အင်ဒိုင်းကုန်းရပ်ကွက်၊ ကြို့သုံးပင်ရပ်၊ လှိုင်သာယာရပ်တို့တွင် လျှပ်စစ်မီးမပေးနိုင်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အရက်ဆွမ်းလောင်းလှူခြင်းနှင့် သင်္ကန်းဒွိစုံ ၅၀၀ ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ အင်းစိန်လမ်းသစ်လမ်းရှိ ဇေမ္ဗာသင်္ကန်းတိုက်မိသားစုများက စက်တင်ဘာ ၈ ရက် နံနက် ၄ နာရီက ဓမ္မဝိသုဒ္ဓိ၊ အနန္တဂုဏ်ရည်၊ ဝေဠုဝန်၊ အောင်မြေရွှေဂူ၊ မင်္ဂလာသီရိ၊ ရွှေပြည်အေး၊ ဒေးဒရဲ၊ ဆေးဝက်ဘာနှင့် ရွှေညောင်ပင်စသည့် ပရိယတ္တိစာသင်တိုက်ကြီးကိုးတိုက်မှ ဝါဆိုသံဃာအပါး ၅၀၀ တို့အား အရုဏ်ဆွမ်းလောင်းလှူခြင်းနှင့် ဝါဆိုသင်္ကန်းဒွိစုံ ၅၀၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြင့်ဦး-အင်းစိန်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေး

ပဲခူး အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာတွင် စက်တင်ဘာ ၂၄ ရက်က မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့များက စည်းကမ်းပျက်ယာဉ်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါ မော်တော်ယာဉ်စစ်ဆေးခြင်းကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယာဉ်လိုင်စင်၊ ယာဉ်လုပ်ငန်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ သတ်မှတ်ထားသည့် ယာဉ်လိုင်းပြေးဆွဲသည့်နေရာတို့သို့ လေးရက်ကြာ စစ်ဆေးခဲ့ကြောင်း သိရသည်။ **သုလင်း(ဟံသာမြေ)**

လူမှုရေး/စီးပွားရေးကြော်ငြာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ရွှေတိဂုံစေတီတော်ဩဝါဒခံဆရာတော်ကြီးများ အပါအဝင် ပင့်သံဃာ(၁၈)ပါးတို့အား ကထိန်သင်္ကန်းနှင့်တကွ အခြံအရံလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ၂၇-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျောက်စိမ်းတွင်းမွှာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် အလှူရှင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ဦးစောနွဲ့သန်းစိန်၊ ဖုန်း-၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆၊
(၂) ဒေါ်ဘေဘီ၊ ဖုန်း-၅၇၇၈၁၂၊ ၀၉-၅၁၇၃၃၇၈
(၃) ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉၊ ၀၉-၈၆၃၅၅၂၅
(၄) ဒေါ်ခင်မကြီး၊ ဖုန်း-၃၇၁၁၉၇
(၅) ဒေါက်တာအေးအေးစူး၊ ဖုန်း-၃၉၂၈၈၅
(၆) ဒေါ်လှလှချိန်၊ ဖုန်း-၀၉-၅၀၇၇၉၂၃
(၇) ဒေါ်ကြည်ကြည်ဆွေ၊ ဖုန်း-၀၉-၅၁၆၆၂၄၈
(၈) ဒေါ်မီမီမူ၊ ဖုန်း-၅၀၃၄၄၆၊ ၀၉-၅၁၅၁၆၇၉
(၉) ဒေါ်ခင်မြဝေ၊ ဖုန်း-၅၆၁၈၂၄၊ ၀၉-၅၁၄၆၉၅၅
(၁၀) ဒေါ်ညိုမာသွယ်၊ ဖုန်း-၀၉-၅၀၂၈၅

အမှုဆောင်အဖွဲ့

အ ၊မ ၊က(၁၇)ဗဟန်းတတိယအကြိမ်မြောက် မြတ်ဆရာပူဇော်မည်

အ. မ. က(၁၇)ဗဟန်း၊ အုတ်လမ်း(ယခင်ပြည်ထောင်စုကျောင်း)တွင် ပညာသင်ကြားပေးခဲ့သော သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် အ. မ. က(၁၇)ဗဟန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာလ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အ. မ. က(၁၇) ဗဟန်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ဒေါ်ငွေးမာလွင်(ကျောင်းအုပ်ဆရာမကြီး)
ဖုန်း-၀၉ ၄၂၁၀၉၆၉၄၁
ဒေါ်ရီရီနွဲ့ ဖုန်း-၀၉-၄၂၀၁၃၇၀၂၇
ဒေါ်ခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁
ဦးဇာလီစိုး ဖုန်း-၀၉-၄၂၀၇၈၀၇၈
ဦးသွင်မင်းလှိုင် ဖုန်း-၀၉-၇၃၀၅၅၂၉၅
ဦးအောင်ကိုဦး ဖုန်း-၀၉-၇၃၁၈၁၈၆၂
ဦးသိန်းတိုး ဖုန်း-၀၉-၄၂၀၀၁၁၁၄

၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား/ကျောင်းသူများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲကျင်းပရေးအတွက် အစည်းအဝေးဖိတ်ကြားခြင်း

၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား/ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးနှင့် ကော်မတီဖွဲ့စည်းရေးတို့အတွက် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဘွဲ့ရ ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး(မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေ့ရက် - ၆-၁၀-၂၀၁၃ ရက်
အချိန် - မွန်းလွဲ ၁ နာရီတိတိ
နေရာ - (SS-10)၊ နီလာရတုခန်းမ၊ စီးပွားရေးတက္ကသိုလ်(ပင်မ)ရန်ကုန်

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ
၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအဖွဲ့



ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ခ-၆)၊ ဦးပိုင်အမှတ်(၆၁)၊ ၄၁လမ်း×၄၂လမ်းကြား၊ ၆၈လမ်း၊ ဒေါ်ရီရီမြင့်အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ရီရီမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်မြင့်မှာ ကွယ်လွန်သွားပါသဖြင့် (ဇနီး)ဖြစ်သူ ဒေါ်သန်းသန်းတင်[၉/မရမ(နိုင်)၀၄၆၀၉၃]မှ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်ရေးကူးရာတွင် ဂရန်စာချုပ်(မူရင်း)ပျောက်ဆုံးနေကြောင်း တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ သေစာရင်းမိတ္တူမှန်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တလွဲဒါန မပြုစေချင်

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေက ကရုဏာတရား၊ စေတနာတရားတွေ မခေါင်းပါးကြဘူး။ မစားရရင်နေပါစေ၊ အလှူအတန်းဟော့ ဆိုရင်လည်း အငတ်ခံပြီး လှူတတ်ကြတာ အထူးပြောနေစရာ မလိုပါဘူး။ ဒါပေမယ့် အလှူအတန်း၊ အပေးအကမ်းဆိုတာ ဉာဏ်အသိနဲ့ယှဉ်ပြီး လှူတတ်မှ၊ ပေးကမ်းတတ်မှ မြတ်တယ်ဆိုတာ တချို့ကသဘောမပေါက်ကြဘူး။ အမှုမဲ့ အမှတ်မဲ့ ပေးကမ်းဒါနပြုတာတွေက မဖြစ်သင့်တာတွေ ဖြစ်သွားတတ်တယ်ဆိုတာ ဂရုပြုစေချင်တယ်။

စာရှုသူတို့ တွေ့ဖူး၊ ကြုံဖူးကြမှာပါ။ ခရီးသွားတဲ့အခါမှာ ကားလမ်းနံဘေး၊ ရထားသံလမ်းနံဘေးမှာ ကျေးလက်တောရွာတွေက ကလေးငယ်လေးတွေ တရုန်းရုန်းနဲ့။ နှပ်ချေးတွဲလောင်း၊ အကျႌချွတ် ကိုယ်တုံးလုံးလေးတွေနဲ့။ ကလေးတို့သဘာဝ ကား၊ ရထားတွေမြင်တော့ပျော်ပြီး နှုတ်ဆက်လိုက်ကြ၊ ပြေးလိုက်ကြနဲ့ပေါ့။ ဒါက ကိစ္စမရှိသေးပါဘူး။ ကိစ္စရှိတာက ကားပေါ်၊ ရထားပေါ်က တချို့ခရီးသွားတွေက ပါလာတဲ့စားစရာလေးတွေ၊ မုန့်လေးတွေကို ကရုဏာ၊ စေတနာတွေနဲ့ ပစ်ချကျွေးတယ်။ တချို့က ဘာမှပါမလာတော့ အိတ်ကပ်ထဲက အကြွေအနုတ်လေးတွေကို စေတနာရေစီးကမ်းပြိုပြီး ပစ်ချတယ်။ အဲဒီမှာပဲ ကလေးတွေခမျာ တပျော်တပါးကြီး မုန့်တွေလုကောက်လိုက်ကြ၊ ပိုက်ဆံတွေလုကောက်လိုက်ကြ၊ တွန်းတိုက်တိုးဝှေ့လိုက်ကြ၊ ရန်ဖြစ်လိုက်ကြနဲ့ နဖူးပွန်းဒူးပြဲ သွေးထွက်သံယိုတွေ ဖြစ်ကြတော့တာပဲ။ အလကားရတဲ့ မုန့်၊ အလကားရတဲ့ ပိုက်ဆံအပေါ်မှာ သာယာတဲ့အချောင်စိတ်လေးတွေ ကိန်းအောင်းသွားတယ်။ ကားလမ်းပေါ်သွားရင်၊ ရထားလမ်းဘေးသွားရင် မုန့်တွေ၊ ပိုက်ဆံတွေရတတ်တယ်ဆိုတဲ့ အသိက ခေါင်းထဲမှာစွဲသွားတယ်။ ခရီးသွားတွေရဲ့ အပြုအမူက "ဒါနတရား"ဆိုပေမယ့် နုနယ်ဖြူစင်တဲ့ကလေးတွေရဲ့ စိတ်ကို အရောင်စွန်းသွားစေတဲ့ လုပ်ရပ်ဖြစ်သွားတယ်။ တစ်နေ့တစ်နေ့ လာသမျှ ခရီးသွားတွေဆီက တစ်ယောက်ငါးဆယ်ပဲ ထားဦး။ ဆယ်ယောက်ဆိုရင် ငါးရာ။ အယောက်တစ်ရာဆို ငွေငါးထောင်။ ကလေးတွေ ငွေလွယ်လွယ် ရကုန်တယ်။ ဒီတော့ ဘာအရင်းအနှီး၊ ဘာခွန်အားမှ မစိုက်ထုတ်ရဘဲ ရလာတဲ့ ဒီငွေအပေါ် မက်မောပြီး ဘာအလုပ်မှ မလုပ်ချင်ကြ၊ လက်ကြောမတင်းချင်ကြတဲ့ အချောင်သမားလေးတွေ ဖြစ်လာတယ်။

မြို့ပေါ်စားသောက်ဆိုင်၊ အအေးဆိုင်နဲ့ လက်ဖက်ရည်ဆိုင်တွေက ကလေးငယ်တွေကလည်း တွက်ခြေကိုက်ကြတယ်။ တခြားအလုပ်တွေနဲ့ ယှဉ်ရင် မက်မောဖွယ်ငွေကြေး။ အသိပညာချို့တဲ့တဲ့ တချို့မိဘတွေကလည်း ကလေးတွေကို ဒီအတိုင်းလွှတ်ထားပြီး တောင်းခိုင်းတယ်။ ကျောင်းမထားစာမသင် သူတို့ တွက်ခြေကိုက်ရင်ပြီးရော သဘောပိုက်ကြတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေကလည်း နှလုံးအညှာလွယ်လိုက်ကြတာ။ "အကိုကြီး၊ အစ်မကြီး တို့ရယ် ဗိုက်ဆာလို့ပါ၊ ပိုက်ဆံလေးနည်းနည်းပေးပါ" ဆိုပြီး သနားစဖွယ်ပြောလိုက်၊ မျက်ရည်ကလေးနဲ့ ခြူလိုက်ရင် အိတ်ကပ်ထဲက ဒလဟောထွက်ကျလာတတ်တယ်။ ခက်တာက မပေးပါနဲ့၊ မကမ်းပါနဲ့လို့ပြောရမှာ ပြောမထွက်ဘူး။ ကလေးသူငယ်တွေရဲ့ အနာဂတ်ဘဝပြဿနာတွေကို အရှည်ကြီးစဉ်းစားစေချင်တယ်။ စေတနာရှိတာမှန်တယ်။ သူတို့ ဘဝအတွက် ဘယ်လိုနေရာမျိုးမှာ စေတနာရှိသင့်သလဲ။ ကလေးတွေကို ပိုက်ဆံပေးမယ့်အစား အလုပ်တစ်ခုခု ဖန်တီးပေးတာမျိုး၊ အလုပ်လုပ်ဖို့ တိုက်တွန်းဆုံးမတာမျိုးလုပ်ရင် မကောင်းဘူးလား။

ကလေးသူငယ်တွေဆိုတာ တိုင်းပြည်အနာဂတ်ကို ပိုင်စိုးမယ့်သူတွေ။ တစ်နေ့နေ့မှာ ကဏ္ဍစုံအသီးသီးက တာဝန်ယူရမယ့် ကလေးတွေဟာ ဒီလို အချောင်သမားစိတ်ဓာတ်တွေ ကိန်းအောင်းနေရင်တော့ မတွေးဝံ့စရာဘဲ။ ကဲ ဒီတော့ စာရှုသူတို့ရှေ့မှာ ကလေးသူငယ်တွေ လက်ဖဝါးလာဖြန့်ရင် ဘာလုပ်သင့်ပါသလဲ။ ။

ကျော်စွာ(မကွေး)

မြန်မာ့ကွမ်းသီးများ အိန္ဒိယသို့တင်ပို့မှုအားကောင်း

တမူး အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်စာရင်းတွင်ပါဝင်သည့် မြန်မာ့ကွမ်းသီးသည် တစ်ဖက်နိုင်ငံ အိန္ဒိယ၏ကွမ်းပေါင်းများအသုံးပြုရန် ကုန်ကြမ်းအဖြစ် ဝယ်ယူစုဆောင်းမှု မြင့်တက်လာသည့်အတွက် တမူးနယ်စပ်မှ တင်ပို့မှုအားလည်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

"ကွမ်းသီးကတော့ တမူးနယ်စပ်ရဲ့ အဓိကပို့ကုန်ဖြစ်ပါတယ်၊ နှစ်စဉ်ပုံမှန်တင်ပို့နေရတာ ၁၀ နှစ်ကျော်ပြီ"ဟု တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မြန်မာ့ကွမ်းသီးသည် နှစ်စဉ်ပုံမှန်တင်ပို့ခဲ့ရာမှ ဇူလိုင်လအတွင်းကလည်း အိန္ဒိယသို့ ၂၉၃၈၃၀ကီလိုဂရမ်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၀၆၇၂ ဒသမ ၄၆၇ တန်ဖိုးအား တင်ပို့နိုင်ခဲ့ကြောင်း တမူးနယ်စပ်ကုန် သွယ်ရေးစခန်း၏ စာရင်းများအရ သိရသည်။

"ကွမ်းသီးတွေက မြိတ်၊ ကော့သောင်း၊ တနင်္သာရီတိုင်းဒေသကြီးဘက်မှ အများဆုံးထွက်တယ်၊ တမူးဘက်ကနေ မိုးရေးနှင့် အင်ဖာရ်မြို့ကို တိုက်ရိုက်ပို့တယ်၊ မိုးရေးဘက်မှာတော့ တစ်ကီလိုဂရမ်ကို ၁၂၀၀ ဈေးပေါက်ပြီး အင်ဖာရ်မှာတော့ ၁၄၅၀ ဈေးပေါက်တယ်လို့ကြားတယ်၊ အိန္ဒိယဘက်ကတော့ ကွမ်းပေါင်းပြန်လုပ်အောင်ဝယ်ကြတာ၊ ကွမ်းသီးအစိုကတော့ အခုရက်ပိုင်းအရောင်းပါးတယ်၊ ကွမ်းသီးကလည်း အမျိုးအစားလိုက်ဈေးကွာတယ်၊ အိန္ဒိယကတော့ အသားကျစ်ပြီးအလုံးသေးတဲ့ ကွမ်းသီးကိုပိုကြိုက်ကြတယ်"ဟု ဒေသခံကုန်သည်တစ်ဦးက ပြောပြသည်။

တမူးနယ်စပ်၏အဓိကပို့ကုန်ဖြစ်သည့် မြန်မာ့ကွမ်းသီးသည် ဩဂုတ်လ ဒုတိယပတ်ကလည်း ကန်ဒေါ်လာသုည ဒသမ ၁၉၅ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၂၀၀ ခန့်ကို အိန္ဒိယသို့ တင်ပို့နိုင်ခဲ့ပြီး ယခင်အပတ်ထက် တန် ၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ရာ ဆက်လက်၍တင်ပို့မှုလည်း အားကောင်းနိုင်မည်ဟု ခန့်မှန်းထားကြောင်း ဒေသခံကုန်သည်များ၏ ပြောကြားချက်အရသိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

တစ်ကိုယ်တော် ခရီးရှည်လမ်းလျှောက်သူ ကော့သောင်းမြို့မှ စတင်ထွက်ခွာ

ကော့သောင်း အောက်တိုဘာ ၄

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်မြန်မာနိုင်ငံတောင်ဘက်စွန်းကော့သောင်းမြို့မှ နေပြည်တော်အထိတစ်ကိုယ်တော်ခရီးရှည်လမ်းလျှောက်သူ မြိတ်မြို့သား အသက်(၄၅)နှစ်အရွယ် ဦးအောင်သူသည်လမ်းလျှောက်ခရီးစဉ်ကို အောက်တိုဘာ ၁ရက်နံနက်ပိုင်းက ကော့သောင်းမြို့ဘုရင့်နောင်အငူ (ဝိတိုရိယအငူ)ရှေ့မှ စတင်ထွက်ခွာသွားပြီဖြစ်သည်။

ဦးအောင်သူသည် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက်ဆီးဂိမ်းပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်တစ်ကိုယ်တော် ခရီးရှည်လမ်းလျှောက်ခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ကော့သောင်းမြို့မှ နေပြည်တော်အထိမိုင်ပေါင်း၁၀၈၂မိုင်ကို ၅၅ရက်ကြာ လမ်းလျှောက်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ကလေး-ချင်းပြည်နယ်လမ်း လမ်းပိုင်းတိုးချဲ့မှု အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ကလေး အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ယာဉ်သွားယာဉ်လာ အများဆုံးလမ်းဖြစ်ပြီး ချင်းတောင်တက်ကားများ သွားရာလမ်းလည်းဖြစ်သော ဗိုလ်ချုပ်လမ်းဟုခေါ်သည့် ကလေး-ချင်းပြည်နယ် လမ်းပိုင်းကို တစ်ဖက်လျှင် ၁၂ ပေ တိုးချဲ့လျက်ရှိရာ ယခုဆိုလျှင်မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် ယာဉ်သွားလာမှုများသည်နှင့်အညီ လမ်းမှာကျဉ်းနေသည့်အတွက် ယာဉ်အန္တရာယ် လျှော့ချနိုင်ရေးအတွက် လမ်းပိုင်းတိုးချဲ့မှုကို ကလေးမြို့တွင်းမှ ချင်းတောင်ခြေရှိ ကလေးတက္ကသိုလ် ကျောင်းအထိ စက်ယန္တရားကြီးများဖြင့် အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

အစိုးရ/စီးပွားရေးကြော်ငြာ





ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၆)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၆)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄)ရက်မှ နတ်တော်လပြည့်ကျော် (၁၀)ရက်နေ့အထိ၊ ၂၁-၁၂-၂၀၁၃ (စနေနေ့)မှ ၂၇-၁၂-၂၀၁၃(သောကြာနေ့)အထိ ကျင်းပသွားမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုလိုသည့် ရဟန်းတော်များသည်စာလျှောက်မေးပွဲဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံးတွင်(ရုံးချိန်အတွင်း) ထုတ်ယူပြီး ၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

(အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်ဖုန်း-၀၁-၃၈၃၅၁၁ Ext-၂၈၂၊ ၀၁-၃၇၅၇၆၇

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် (၂၁)၊ သုံးလွှာ၊ အာသာဝတီလမ်းနေ (ဦးပိုင်-ဒေါ်ငွေသက်)တို့၏တစ်ဦးတည်းသောသမီး၊ [ဦးပွ (ရွှေပန်းထိမ်)]၏ဇနီး၊ ဦးမြဟန်-ဒေါ်ညိုညို၊ ဦးဝင်းမောင်၊ ဒေါ်စီစီဝင်း၊ဒေါ်ညွန့်ညွန့်ရီ၊ ဦးသောင်းအေး-ဒေါ်ညွန့်ညွန့်သီ၊ ဦးလှဌေး-(ဒေါ်ညွန့်ညွန့်ကြည်)၊ ဦးဝင်းမြင့်-ဒေါ်ညွန့်ညွန့်မှီ၊ ဦးစန်းလွင်၊ ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးရဲနိုင်-ဒေါ်ညွန့်ညွန့်မြင့်၊ (ဦးအောင်မိုးလွင်)-ဒေါ်ညိုညို၊ ဒေါ်ညွန့်ညွန့်တင်၊ ဦးဇော်မင်းဦး-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်မြမြထွေးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား ဒေါ်ဟန်တင်သည် ၃-၁၀-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ကျောင်းအမကြီး
ဒေါ်ပန်းနုစိန်(ပုဏ္ဏားကျွန်း)
အသက်(၅၆)နှစ်

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက်နေ (ဦးစောလှဖြူ-ဒေါ်မထွေးစံ)တို့၏သမီး၊ (ဦးစိန်မောင်-ဒေါ်ညိုဝန်း)တို့၏ သမီးချွေးမ၊ ဦးမောင်လှရွှေ၏ချစ်လှစွာသောဇနီး၊ (ဦးမောင်ထွန်းအောင်)-ဒေါ်ဘုမ၊ ဦးအောင်စိန်လှ-ဒေါ်မသိန်းညွန့်တို့၏ညီမ၊ ဦးစောသိန်းထွန်း-ဒေါ်မထွေးနုတို့၏ အစ်မ၊ ဒေါက်တာဦးစံလင်း(ဝေါပြည်သူ့ဆေးရုံ)၊ ဦးအောင်စိန်လှ-ဒေါ်အေးအေးခင်၊ မောင်နေဆန်းလင်းတို့၏မိခင်၊ မခင်ဇာဝင်၊ မခိုင်ခိုင်လင်းတို့၏ အဘောင်သျှင်သည် ၃-၁၀-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၁၀၈၁)၊ မိုးဟိန်းလမ်း၊ ပတ္တမြားဈေးအနီး၊ (ည/၁၁) ရပ်ကွက်၊ ရွှေပြည်သာနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်မွှေး(ခ)ဒေါ်မွှေး
အသက်(၉၉)နှစ်
(ဟင်္သာတ)

ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ နတ်မော်လမ်း (မဟာဗန္ဓုလလမ်း)၊ အမှတ် (၆၀)နေ (ဦးအစ်)၏ ဇနီး၊ ဒေါ်ကျင်မေ-ဦးဟန်ရှိန်(ယုန်သလင်း)၊ (ဒေါ်ကျင်ရွှေ)-ဦးကြီးစွမ်(ဟင်္သာတ)၊ ဒေါက်တာတင်တင်အေး(ရန်ကုန်)၊ ဒေါက်တာဒေါ်လှမေ(ဟင်္သာတ)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၄-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟင်္သာတနေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
စစ္စတာနော်ရှီးလာတင်(၈၉)နှစ်
(သူနာပြုအုပ်-ငြိမ်း၊
အင်းစိန်ပြည်သူ့ဆေးရုံ
(အင်းစိန်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၁၆)၊ စောဘဲလေလမ်းတိုနေ (ဦးစောမောင်တင်-နော်ရိုစီ)တို့၏သမီးကြီး၊ [ဦးတင်ငွေ(ခ)ဦးဟင်နရီ (လေကြောင်းဦးစီးထိန်းသိမ်းရေးဌာန)]၏ဇနီး နော်ရှီးလာတင်သည် ၄-၁၀-၂၀၁၃ရက် နံနက် ၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် (မ/၁၆)၊ စောဘဲလေလမ်းနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင် ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မိမိကြည် (၆၃)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ ရန်နောင်လမ်း၊ အမှတ် (၁၃၄)နေ (ဦးငြိမ်း-ဒေါ်ပုလဲရင်)တို့၏ သမီး၊ (ဦးထွန်းငွေ-ဒေါ်အောင်မ)တို့၏ သမီးချွေးမ၊ ဦးထွန်းရင်၏ဇနီး၊ ဦးသန်းခိုင်ဦး (ခေတ္တ-UAE နိုင်ငံ Ajman မြို့)၊ ဦးဇော်မင်းလတ်-ဒေါ်အေးအေးမာ၊ ဦးသက်ခိုင်-ဒေါ်ချိုချိုသဲ၊ ဒေါ်ဝင်းဖြူဇင်ထွန်းတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်း (၆၂)နှစ်

ပုသိမ်မြို့၊ မင်းကြီးလမ်း၊ အမှတ် (၄၀)နေ ဦးသောင်းရွှေ၏ဇနီး၊ (ဦးသိန်းခင်-ဒေါ်လှမေ)တို့၏ သမီး၊ (ဦးဝင်းမောင်)၏အစ်မ၊ (ဦးတင်ဦး)၏ ညီမ၊ ဦးစိုးသူရရွှေ (East Boy Engineering Co., Ltd.၊ လမ်းမတော်)-မစန်းထွေး၊ ဦးစိုးဝဏ္ဏရွှေ၊ ဦးစိုးသီဟရွှေ၊ ဦးစိုးနန္ဒရွှေတို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား ဒေါ်သန်းသန်းသည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မနီနီယဉ် (၄၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်းသွယ် (၁)လမ်း၊ အမှတ်(၃၈၀၆)နေ (ဦးမင်းဆွေ-ဒေါ်မြအေး)တို့၏သမီးကြီး၊ ကိုမျိုးဇော်ဆွေ-မယမင်းတို့၏ညီမ၊ ကိုဇော်မိုး-မဆွေဆွေယဉ်၊ ကိုမင်းဇော်ဆွေ၊ ကိုအေးမင်းဇော်-မခင်လတ်လတ်၊ ကိုဇော်လင်း၊ ကိုဇော်ဟိန်း၊ ကိုနေအောင်တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်စိန်
အသက် (၇၈)နှစ်

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နေ(ဦးရှမ်းကြီး-ဒေါ်ကွန့်မေ)တို့၏သား၊ (ဦးသာရွှေ-ဒေါ်လှကြည်)တို့၏သားသမက်၊ ဦးအောင်မြင့်-(ဒေါ်သင်းစိန်)တို့၏ မောင်၊ (ဒေါ်ခင်သန်း)၏ ခင်ပွန်း၊ ဦးလှဦး(ဦးဝိသုဒ္ဓ)၊ ဦးညွန့်ရွှေ(ပြန်ကြားရေးဝန်ကြီးဌာန)၊ ဦးမျိုးလှိုင်(MOGE)-ဒေါ်သွယ်သွယ်ဝင်း၊ ဦးထက်ဝင်းအောင်-ဒေါ်အေးအေးမွန်၊ ဦးမင်းဇော်-ဒေါ်ကြည်ကြည်မွန်(MRTV)၊ ဦးနိုင်ဝင်း(MPPE)-ဒေါ်ဖြူသန္တာကျော်တို့၏မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃ ရက် နံနက် ၁၁း၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်စိန် (၇၈)နှစ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဦးညွန့်ရွှေ၏ဖခင် ဦးမောင်စိန် အသက်(၇၈)နှစ်သည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ကြီးရုံးအရာထမ်း၊ အမှုထမ်းများ
ပြန်ကြားရေးဝန်ကြီးဌာန

ဦးခင်မောင်ကျော်
အသက် (၇၈)နှစ်
(မြရတနာဆေးခန်း)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၁၄၅/၁၄၇)နေ (စက်ရှင်မင်းကြီးဦးသာကျော်-ဒေါ်ခင်စုစု)တို့၏ သားထွေး၊ (ဦးဘာဘာ-ဒေါ်ကျင်ကျုပ်)တို့၏သားသမက်၊ ဒေါက်တာဒေါ်မြမြအေး၏ခင်ပွန်း၊ (ဦးကျော်လှိုင်-ဒေါ်ကွန့်)၊ (ဦးခင်ဝင်း-ဒေါ်မြင့်ခိုင်)၊ (ဦးချစ်ဆွေ-ဒေါ်သန်းသန်းနွယ်)၊ ဦးမောင်မောင်ကျော်-ဒေါက်တာခင်ညိုညိုတို့၏ ညီ/မောင်သည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၂ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကျော်
အသက်(၇၈)နှစ်
(မြရတနာဆေးခန်း)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၁၄၅/၁၄၇)နေ (စက်ရှင်မင်းကြီး ဦးသာကျော်-ဒေါ်ခင်စုစု)တို့၏သားထွေး၊ (ဦးဘာဘာ-ဒေါ်ကျင်ကျုပ်)တို့၏သားသမက်၊ ဒေါက်တာဒေါ်မြမြအေး၏ခင်ပွန်း၊ (ဒေါ်ပုလဲမြ)၊ ဦးတင်အောင်ဝင်း(ခ)ကိုတိုး-ဒေါ်ရွှေမြတို့၏ဖခင်၊ ရွှေစင်မေ၊ မောင်စန်းပွင့်မောင် (G-4-H၊ အထက-၁၊ ဒဂုံ)၊ မောင်ကံထူးမောင်တို့၏အဘိုးသည် ၄-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၂ နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးကြိုင် (၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ တိုက်(၉)၊ သုံးလွှာနေ (ဗိုလ်ကြီးထွန်းသိန်း-ငြိမ်း)၏ ဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်ခင်သိန်းဦး၊ ဦးဝင်းသိန်း-ဒေါ်ဥမ္မာမြင့်၊ (ဦးဝင်းကြည်သိန်း)တို့၏မိခင်၊ ကိုဝင်းငြိမ်းဦး-မနုယဉ်စိုး၊ ကိုဇော်ကိုကိုဦး-မသီတာဝင်းသိန်း၊ ကိုမျိုးဝင်းသိန်း-မခိုင်ဦးဟန်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားသည် ၃-၁၀-၂၀၁၃(ကြာသပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃(စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်ညွန့်ဝေ အသက်(၈၀)
အထက်တန်းပြဆရာမ
အထက(၃) တာမွေ(ငြိမ်း)
အထက(၂) လသာ(ငြိမ်း)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ မဟာသုခိတာလမ်း၊ (၆)လမ်းမြောက်၊ အမှတ် (၁၃၂)နေ (ဦးဟူကျော်-ဒေါ်ကြင်ထွေး)တို့၏သမီး၊ (ဦးစောလွင်-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ (ဦးလှဝင်း-ဒေါ်မမ)၊ (ဒေါ်သင်းသင်းသန့်)တို့၏ ညီမ၊ ဒေါ်ခင်မြင့်မြင့်၊ ဦးသန်းဦး-ဒေါက်တာတင်လေးနွယ်၊ (ဗိုလ်ကြီးအောင်နိုင်မြင့်)-ဒေါက်တာခင်ထားမြင့်၊ ဦးရည်ထွဏ်း-ဒေါ်အေးအေးမြင့်၊ ဦးဆန်းတင့်-ဒေါက်တာစန်းစန်းရင်တို့၏ အစ်မကြီး၊ တူ/တူမ ၁၂ယောက်တို့၏ အဒေါ်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၃-၁၀-၂၀၁၃ ရက် ည ၉း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစစ်ထွန်း (၈၈)နှစ်
(ဝက်ချောင်း၊ကျောင်းကုန်း၊မြောင်းမြ)

မြောင်းမြမြို့နေ (ဦးအော်ထောင်-ဒေါ်ကြင်မေ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၆) လမ်း၊ အမှတ်(၃၉)နေ ဒေါ်ကျင်စိန်၏ ခင်ပွန်း၊ (၁၂)လမ်း၊ အမှတ်(၃၇)နေ (ဦးမွန်တစ်၊ ဒေါ်မြင့်စိန်)တို့၏ယောက်ဖ၊ ဒေါ်ရှုစိန်၊ ဒေါ်ကျင်ဝိုင်း၊ ဦးအောင်ပန်း-ဒေါ်ခင်ရွှေ၊ (၁၃)လမ်း၊ အမှတ်(၅၇)နေ (ဦးမြင့်ဝေ)-ဒေါ်အင်စိန်တို့၏ မတ်၊ အုတ်ကျင်းနေ ဦးသောင်းဝင်း-ဒေါ်စန်းဌေးတို့၏ အစ်ကိုကြီးသည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဘိုးသွယ် အသက်(၆၀)
(ကင်းမွန်းအုပ်ချုပ်ဆိုင်)
(င/ပြီချောင်းကျေးရွာ၊
လေးတောင်တိုက်နယ်)

ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ င/ပြီချောင်းကျေးရွာနေ (ဦးဘိုးချီး-ဒေါ်အောင်စိန်)တို့၏ သား၊ ရွာဟောင်းရွာနေ (ဦးဘတင်)-ဒေါ်စိန်သန်းတို့၏ သားသမက်၊ ဦးဝေကျော်အောင်-ဒေါ်ဦးမြစိန်၊ ဦးဦးဘစံ-ဒေါ်အေးမြခင်၊ (ဦးမောင်သိန်းခိုင်)-ဒေါ်သောင်းခင်၊ဦးအောင်လာ-ဒေါ်ရွှေမြ၊ ဦးဘိုးကြည်-ဒေါ်စံရင်တို့၏ ညီ/မောင်၊ ဒေါ်အေးသောင်း၊ ဦးကျော်ထွေး-ဒေါ်မိုးစန္ဒာခင်တို့၏အစ်ကို၊ တူ/တူမ ၂၂ယောက်တို့၏ ဦးလေး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၂၈)နေ ဒေါ်တင်တင်ချစ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိန်လှိုင်၊ မခင်ဆုလှိုင်တို့၏ကျေးဇူးရှင်ဖခင် ဦးဘိုးသွယ်သည် ၃-၁၀-၂၀၁၃ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ထွေးရီ(ပဲခူး) (၉၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြယမုံ(၉)လမ်း၊ ခြံအမှတ်(၄)နေ (ဦးဖိုးသော့-ဒေါ်ငြိမ်းမြ)တို့၏သမီး၊ (ဒေါ်လှရီ)၊(ဦးဘအေး)၊ (ဒေါ်နှင်းကြွေ)တို့၏ညီမ၊ (ဦးတင်လှ)၏ဇနီး၊ (ဦးစိုးစိုးလှ)-ဒေါ်အေးအေးရီ၊ ဒုရဲမှူးခင်မောင်လှ(မြို့မစခန်းမှူး၊ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့)-ဒေါ်သိဂီ၊ ဦးဆန်နီလှ (ဆည်မြောင်းတဆရ-၉)-ဒေါ်အေးအေးကြည်(စက်မှုသီးနှံ)၊ ဒါရိုက်တာဦးမျိုးမင်း(ရင်တွင်းဖြစ်)-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ (ဦးကျော်စိန်)-ဒေါ်ခင်တီတို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၃-၁၀-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစစ်ထွန်း (၈၈)နှစ်
(ဝက်ချောင်း၊ ကျောင်းကုန်း၊ မြောင်းမြ)

မြောင်းမြမြို့နေ (ဦးအော်ထောင်-ဒေါ်ကြင်မေ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၃၉)နေ ဒေါ်ကျင်စိန်၏ ခင်ပွန်း၊ (ဒေါ်အေးအေးချို)၊ ဒေါ်ရင်ရင်စိုး(၁၈၇ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးအောင်သင်း (Total Myanmar E & P)-ဒေါ်ခင်သန္တာအေး(GW Int'L)၊ ဒေါ်စီစီထွေး(၃၀၆၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ကိုအောင်မိုး-မကေသွယ်ရှိန်တို့၏ဖခင်၊ မောင်အောင်ဘုန်းသူ (G- IV၊ အထက-၁၊ ဒဂုံ)၊ မအေးပိုးအိမ်(G- IA၊ အထက-၂၊လသာ)၊ မောင်မြတ်ဘုန်းမွန်၊ မောင်ဖြိုးတေဇာဟန်တို့၏အဘိုး၊ မြောင်းမြမြို့၊ သိပ္ပံလမ်းနေ (ဒေါ်တင်အေး)၊ ဒေါ်ကျင်မွှေး၊ ဦးမြင့်ဆွေ၊ ဒေါ်ကျင်အိ၊ ဦးသန်းဆွေ၊ ဒေါ်တင်နွယ်ဝင်းတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၅ယောက်တို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ရွှေ(ဥက္ကံ) (၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ရွှေလဝင်းလမ်း၊ အမှတ်(၁၃-က)၊ ၃+၄ လွှာနေ ဦးခင်မောင်ကြည်(မောင်ကမ္ဘာ) (နာယက၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ စမ်းချောင်းမြို့နယ်)၏ဇနီး၊ (ဦးစိုးစိုး)-ဒေါ်မေမြတ်နွယ်၊ ဦးကျော်ဝေ-ဒေါ်မိုးမိုး၊ ဦးလူလူမြတ်ကျော်-ဒေါ်စန်းစန်းအေးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ကျင်ရွှေသည် ၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၂း၅၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းညွန့်(ခ)ဦးကောက်(ခနောင်တို) (၈၆)နှစ်
လ/ထ မန်နေဂျာ(ငြိမ်း) MFTB၊ မန်နေဂျာ (ငြိမ်း) A.W.B

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ မေခအိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၀၆)နေ (ဦးဘသောင်-ဒေါ်မိ)တို့၏သား၊ ဒေါ်စောလှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ဦးဆန်းကွန့်-ဒေါ်ကြွေ၊ ဒေါ်ကြည်အေး၊ (ဦးမျိုးမြင့်)၊ ဒေါ်လှလှတို့၏ အစ်ကို၊ ဦးသန်းဦး-ဒေါ်ညွန့်ညွန့်လှိုင်၊ ဦးထွန်းထွန်းဦး၊ ဦးသန်းနိုင်၊ ဒေါ်အေးအေးလှိုင်တို့မွေးသဖခင်၊ မောင်သီဟလင်းဦး၊ မောင်သူရလင်းဦးတို့၏အဘိုး ဦးသန်းညွန့်သည် ၄-၁၀-၂၀၁၃ရက် နံနက် ၂နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်အောင်မြင့် အသက်(၇၀)
ဆရာမ(ငြိမ်း)၊ အထက(၁) တောင်ငူ

တောင်ငူမြို့နေ (ဦးကိုကိုကြီး-ဒေါ်အုန်းခင်)၊ (ဦးတင်အောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးဖိုးသင်-ဒေါ်တင်)တို့၏ သမီးချွေးမ၊ (ဦးအမောင်)၏ဇနီး၊ ဦးဖိုးသင်မောင်(ထူးကုမ္ပဏီများအုပ်စု)-ဒေါ်ခိုင်ဆွေငြိမ်း၊ ကိုကျော်သူရဝင်း-မစုသက်မောင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃-၁၀-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀နာရီခန့်တွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့နေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအောင်တင့် အသက်(၇၀)
(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ-ငြိမ်း၊ရန်ကုန်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးကျော်သင်း-ဒေါ်တင်ညွန့်)တို့၏ သား၊ သုံးခွမြို့နေ (ဦးစိန်ဖေ-ဒေါ်စောကြည်)တို့၏သားသမက်၊ (ဦးအောင်မြင့်)-ဒေါ်အေးကြိုင်တို့၏ ညီ၊ (ဦးတင်ဝင်း)-ဒေါ်ခင်နွဲ့၊ ဦးလှသန်း-ဒေါ်မြင့်ကြည်၊ [ဦးတင်စိန် (ဒုတိယညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)]၊ ဦးမောင်မောင်အေး-ဒေါ်ချိုချိုမာတို့၏အစ်ကို၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၅)လမ်း၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာနေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဒေါ်နွယ်နီအောင်(အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဒေါ်ကေသီအောင်(လ/ထ စနစ်မန်နေဂျာ၊ ကွန်ပျူတာ၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်)၊ ဒေါ်နီလာအောင်(ကုမ္ပဏီ)၊ ဦးဝဏ္ဏအောင်(ကုမ္ပဏီ)-ဒေါ်စန္ဒာစုစုကျော်(စာရင်းကိုင်၊ ကုမ္ပဏီ)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၄-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြတ်ဆုကြည်
အသက်(၃၅)နှစ်

ဖြူးမြို့၊ ပဲခူးလမ်းတောင်ပိုင်းနေ ဦးကြည်ဇင်-(ဒေါ်ညွန့်)တို့၏ သမီး၊ ဗိုလ်မှူးသန်းဌေး(တတက-၂)၏ဇနီး၊ မောင်သုတညီ (Grade-4၊ အလက၊ တတက-၂)၏ မိခင်၊ မခင်သီတာဇင်၊ မောင်ဖြိုးစည်သူ (စိန်ရွှေဖြိုး-စတိုး ဓနုဖြူမြို့)၏အစ်မသည် ၃-၁၀-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၃ (သောကြာနေ့) ညနေ ၃နာရီတွင် ညောင်ပင်ဝိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ဒုတိယသမ္မတ ဦးညွန့်ထွန်း ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးစ်ပြည်နယ် စီးပွားရေးနှင့် စက်မှုကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၄

ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးစ်ပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ဖလန်းဒါးစ်ပြည်နယ် ဝန်ကြီးချုပ် H.E. Mr. Kris Peeters ဦးဆောင်သည့် စီးပွားရေးနှင့် စက်မှုကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံရာတွင် ဧရာဝတီမြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေး၊ ရန်ကုန်မြစ် ထိန်းသိမ်းရေးနှင့် သောင်တူးဖော်ရေးလုပ်ငန်း၊ ဆိပ်ကမ်းများဖွံ့ဖြိုးရေး၊ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဖလန်းဒါးစ်ပြည်နယ်မှ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာရှင်များ လာမည့် SEA Games တွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် နို့ထွက်ပစ္စည်းများကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ရေအရင်းအမြစ် ထိန်းသိမ်းရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံး၌ သံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် သံရုံးဝန်ထမ်းမိသားစုအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖလန်းဒါးစ်ပြည်နယ်ရှိ Waterways & Sea Canal ဌာနသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပြည်တွင်းရေကြောင်းသွားလာရေး (Inland navigation) ထိန်းသိမ်းမှု၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းနှင့် မြစ်ရေလွှမ်းမိုးမှုမဖြစ်စေရန် ဆောင်ရွက်ထားမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❑

ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်သောအဖွဲ့နှင့် ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးစ်ပြည်နယ် ဝန်ကြီးချုပ် H.E. Mr. Kris Peeters ဦးဆောင်သော စီးပွားရေးနှင့် စက်မှုကဏ္ဍမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာ – နယူးဇီလန် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်နှင့် ဦးငွေမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

Miss Universe ယှဉ်ပြိုင်မည့် Miss Universe Myanmar

မိုးစက်ဝိုင်း

စာမျက်နှာ - ၉

ပြည်ထောင်စုလွှတ်တော်စည်းဝေး

အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိသော ဘဏ်စာရင်း (၅) ခုအကြောင်း ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၄

ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ပို့ဆောင်ရေးဝန်ကြီးဌာနတို့အတွက် ခွဲဝေသုံးစွဲမှုနှင့်စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်ခဲ့သည်။

သီးသန့်ရန်ပုံငွေမှ ဥပဒေနှင့်အညီ ခွဲဝေသုံးစွဲခဲ့မှုမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွက် ကျပ်သန်းပေါင်း(၃၅၀)၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ကျပ်သန်းပေါင်း(၁၉၀ ဒသမ ၀၂၁)၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် ကျပ်သန်းပေါင်း(၂၆၈၄၆ ဒသမ ၀၄၄)နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ကျပ်သန်းပေါင်း (၁၁၆၆ ဒသမ ၆၆) စုစုပေါင်းကျပ်သန်းပေါင်း(၂၈၅၅၂ ဒသမ ၇၂၅)တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းပုဂ္ဂလိကသတင်းဆောင်းပါးတစ်ခုတွင် ပါရှိခဲ့သည့် "အမေရိကန်ဒေါ်လာ(၁၁) ဘီလီယံအထိရှိသော ဘဏ်စာရင်း(၅)ခုကို နိုင်ငံခြားဘဏ်များတွင် မြန်မာနိုင်ငံက အပ်နှံထားသည့်အတွက် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်က အကြွေးလျှော်မပေးခဲ့ခြင်း"ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳



POST

(A) Sat, Sun
12:30(pm)-3:30(pm)
(B) Tues, Wed, Thus
5:00(pm)-7:00(pm)
09 500 1599, 09 8632973, 09 73172556

AIR-CON EXPRESS

ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၁၊ နည်းဥပဒေ-၈)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃-ခုနှစ် တရားမကြီးမှုအမှတ်-၄၄၈

၁။ ဦးမောင်မောင်ထူး နှင့်	၁။ ဦးဒီအက်စ်ဘိုင်မြား
အမှတ်(၂၂)၊ မြေညီထပ်၊ လမ်း ၁၄၀၊	အမှတ် ၄၂၊ ၂၅ လမ်း၊
မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးမြင့်သိန်း	၂။ ဦးအဗ်ဒွလ်ရာမန်(ခ) ဦးချိုတူး
အမှတ် ၂၅၂၊ ၃ လွှာ၊ ဗားကရာလမ်း၊	အမှတ် ၁၃၂၊ ၅ လွှာ (ယာ)၊ ၂၉ လမ်း
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
	၃။ ဦးမိုဟာမက်
	အမှတ်၉၄/၉၆၊ ရွှေတိဂုံဘုရားလမ်း၊
	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
	၄။ ဦးအဗ်ဒူရာမန်(ခ)ဦးတင်လှိုင်
	အမှတ်-၁၉၁၊ ၃ထပ်၊ ၃၂လမ်း၊
	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(တရားလိုများ)	**(တရားပြိုင်များ)**

တရားလိုများက တရားပြိုင်များအပေါ် "ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၂၅) လမ်း၊ အမှတ် ၅၈/၆၀တွင် တည်ရှိသော အဟ်လေဟဒီးဆ်စွန္နီဂျာမေဗလီကျောင်းနှင့် ပတ်သက်၍ တရားပြိုင်များအား ဂေါပကအဖွဲ့ဝင်များအဖြစ်မှ ထုတ်ပယ်စေလိုမှု၊ ဂေါပက လူကြီးသစ်ခန့်အပ်ပေးစေလိုမှုနှင့် စာရင်းအင်းဆိုင်ရာ စုံစမ်းစစ်ဆေးရှင်းလင်းစေလိုမှု"တို့ကို စွဲဆိုထားရာ အဆိုပါအမှုတွင် "အဟ်လေဟဒီးဆ်ဂိုင်ရ် မုကလ္လိဒ်မုဟမ္မဒီ" တရားကျင့်စဉ်အတိုင်း လိုက်နာသူ အစ္စလာမ်ဘာသာဝင်(စွန္နီ)များတွင် အမှုနှင့်ပတ်သက်၍ စိတ်ပါဝင်စားလိုသူများ မည်သူမဆို အမှုတွင် ပါဝင်နိုင်ကြောင်းနှင့် အဆိုပါအမှုကို ဤရုံးတော်က ၂၀၁၃ခုနှစ် အောက်တိုဘာလ ၂၃ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် ချိန်းဆိုထားပြီးဖြစ်ရာ ယင်းနေ့ရက်အချိန် ဤရုံးတော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်သည်။

၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)

တွဲဖက်ခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၇-၉-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ(ခ)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်တင်ရွှေ[၁၂/ကမရ(နိုင်)၀၂၉၅၃၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းအောင်[၁၂/အစန(နိုင်)၂၂၇၉၈၀]၏ ဆိုင်ကယ်အမှတ် ၃၁ယ/၄၁၉၀၁ ၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၄၈၀၁၅၅၀၉

09-5032566, 09-8633482

LCCI I & II

MYOB/Excel

ORION Business School

09 73154401, 09 5115997

ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၂၀၊ ကော်လံ-၂၊ ၃ပါ ခရမ်းကျောင်းသားကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ပေးပို့ရမည့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်မှာ ၀၄၀၁၂၂၀၀၁၁၇၄၂ (ရွှေဘုံသာ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ တိုက်အမှတ်(၂၄)၊ စတုတ္ထထပ်တိုက်ခန်း၊ (ခြေရင်းခန်း)နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးတင်ဝင်းထွန်း[၁၂/အလန(နိုင်)၀၁၇၈၅၂]နှင့် ဒေါ်အေးအေးမော်[၁၂/အလန(နိုင်)၀၂၈၁၈၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအချို့ပေးပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပက်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ဆောင်ရွက်မည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးကျော်ဇောထက် LL.B,D.B.L, Wipo(Switzerland) **ဦးရဲမြင့် B.A(Law)LL.B**

အထက်တန်းရှေ့နေ (စဉ်-၃၀၃၈၃) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၄)**

အမှတ် (၃၃)၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၁၉၄၈၄၄၊ ၀၉-၄၂၀၂၈၈၈၁၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ကွင်းအမှတ်(၆၂၂)၊ ကျေးရွာအမည်(ညောင်ဝိုင်း)၊ ကွင်းအမှတ်(အလပ်ရွာကွင်း)၊ ဦးပိုင်အမှတ်(၆/၁) ဧရိယာ(၁. ၆၃)ဧကရှိသော(G)အမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ်(၂) လမ်းမကြီး မေးတင်မျက်နှာစာ (အလျား ၁၆၅ပေ)၊ဧရိယာ(၀. ၃၈)ခန့်ရှိ မြေကွက်မှာ ဒေါ်သန်းရီ[၁၂/ကတန(နိုင်)၀၅၅၇၃၇]နှင့် ဒေါ်အမြ(ခ)ဒေါ်မြမြ [၁၄/မမက(နိုင်)၀၅၇၀၁၈]အမည်ပေါက်လုပ်ကိုင်နေသူများထံမှ ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေကွက်နှင့်ပက်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွှန့်(စဉ်-၁၇၀၁)၊ ဒေါ်ရီရီတင်(စဉ်-၁၉၉၅)

တရားလွှတ်တော်ရှေ့နေများ

ရုံးခန်း(၁) အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။

ရုံးခန်း(၂) အမှတ်-၉၀၊ မြေညီ၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်။

ဖုန်း-၀၁-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၄၉၂၄၅၅၉၃၊ ၇၃၀၀၉၆၄၄။

SWEETY HOME
Mindama Showroom
Grand Opening
6th October 2013
GRAND
OPENING
ဆိုင်သစ်ဖွင့်ပွဲအမှတ်တရအဖြစ် ဆိုင်ခွဲများမှ
ကျပ်(၁)သိန်း နှင့်အထက်ဝယ်ယူပြီးသော Voucher တစ်စောင်ပြသရုံဖြင့်
မင်းဓမ္မအရောင်းဆိုင်သစ်တွင် လက်ဆောင်ရယူနိုင်ပါသည်။
(၆.၁၀.၂၀၁၃ ဖွင့်ပွဲနေ့တစ်ရက်တည်းသာ)
အမှတ်(၃/ခ) မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

[illegible]

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ် ဆိုခြင်း

အမှတ်(၆)လမ်း(၁၈၂) လမ်းကြားနေ အသာသာယာ ရှင်းမံ့စွာ၍

ဦးဝင်းမောင် +ဒေါ်ပြုံးယဉ် (စိန်သိန်းဂျုံစက်)

မိသားစုကောင်းမှု

ဂျပန်နိုင်ငံ ကျိုတိုကတ္တွာမြို့ မေဘိုသုခပရုတိကမြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ဦးစီးဆောက်လုပ်လျက်ရှိသော ဝယာမြို့ ရှိမဟာထေးဝံပရုတိက မြန်မာကျောင်းတိုက်ကြီး၏ ပထမဦးဆုံးဘောဓိရုက္ခမူလ(၅)ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရာတွင် ၁၅ ပေ × ၁၉ ပေ အကျယ်အခန်း (၁) ခန်းအတွက်လှူဒါန်းငွေ အမေရိကန်ဒေါ်လာ (၇၀၀၀) တိတိကို လှူဒါန်းပေါင်းသောကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ် ဆိုအပ်ပါသည်။

မေတ္တာဖြင့်
ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ်၆၅၊ မြေကွက် တည်နေရာအမှတ်(၆၅)(၃)လမ်း ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးဝင်းမြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် [၁၂/ ဒပန(နိုင်)၀၁၀၄၅၃]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာ

ဒေါ် သီတာ ဦးမောင်မောင

[illegible]

မူးယစ်ကင်းစင်
အောင်ပွဲဆင်

အထက(၅)ပိုလ်တထောင် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက(၅)ပိုလ်တထောင် ကျောင်းတော်ကြီးတွင် ပညာသင်ကြားပို့ချခဲ့သော ဆရာ၊ ဆရာမများ၏ အာစရိယဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့လိုပါသဖြင့် ၁၉၈၇-၈၈/၁၉၈၉-၉၀/၁၉၉၀-၉၁ ခုနှစ် (အခြေခံပညာအထက်တန်း) သင်ကြားခဲ့သော တပည့်ဟောင်းများမှဦးဆောင်၍ အာစရိယပူဇော်ပွဲကို M3 FOOD CENTER ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၃-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပရန် စီစဉ်ထားပါသဖြင့် အထက(၅)ပိုလ်တထောင်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများအားလုံး အင်တိုက်အားတိုက် ပါဝင် တက်ရောက်ကြပါရန် ခင်မင်ရင်းနှီး သတိရစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ (၁၀)ရက်တရားစခန်း

ဇောခိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာနှင့် မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ (၁၀)ရက် တရားစခန်းကို ၁၀-၁၀-၂၀၁၃ ရက်မှ ၂၀-၁၀-၂၀၁၃ ရက်အထိပြုလုပ်မည်ဖြစ်၍ ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ အဆောင်အလှူရှင်များအားလုံး အဆောင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ဆက်သွယ်နိုင်ပါရန် အကြောင်းကြားပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၇၃၀၄၉၀၄၀၊ ၀၉-၄၅၀၀၄၄၁၆၂

TAW WIN CENTRE MONSOON LUCKYDRAW
September လ ကံထူးရှင်များစာရင်း

ကံထူးရှင် အမည်	ဘေါက်ချာ နံပါတ်
၁။ ခိုင်မောင်	၀၁၀၁၆၅
၂။ ဒေါ်စန်းစန်းမြင့်	၀၂၉၀၅၈
၃။ မဆုဝေမွန်	၀၃၇၄၃၉
၄။ မစန္ဒာဝင်း	၀၀၆၉၂၆
၅။ ဒေါ်ခွာခွေထွေတင်	၀၂၄၉၃၄
၆။ ဦးမောင်မောင်သန်း	၀၀၅၇၂၈
၇။ ကိုရန်နိုင်စိုး	၀၄၂၉၄၇
၈။ မသီရိလင်း	၀၁၄၅၄၅
၉။ ကိုထွန်းမောင်သုတ	၀၂၆၄၅၈
၁၀။ ကိုအောင်ဇေယျ	၀၀၈၆၁၂
၁၁။ မဝင်းမြတ်ထွေ	၀၁၆၀၅၇
၁၂။ ဦးထင်လင်း	၀၄၂၉၀၃

September လ ကံထူးရှင်များသည် မိမိတို့၏ ဘေါက်ချာများကို (၈ - ၁၀ - ၂၀၁၃) နောက်ဆုံးထား၍ တော်ဝင်စင်တာ Level-1 (Promotion Area) တွင်လာရောက်ထုတ်ယူပေးပါရန်။

မွေးနေ့မင်္ဂလာဆုတောင်း

Chairman ဦးအောင်စိုးသာ၏ ၅-၁၀-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဇနီး ဒေါ်ခိုင်ပြည့်စုံကြိုင်နှင့် ချစ်သမီးလေး မကျော့အိန္ဒြေသာတို့နှင့်အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံလျက် ချစ်သော မိသားစုများနှင့် စိတ်ပျော်ရွှင်ချမ်းမြေ့သောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

Myanmar ComBiz Travels & Tours Co.,Ltd.

ထက်မြတ်၊ ဟေမာ၊ အေးမြတ်

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ကျင်းပပြုလုပ်မည့်ဆေးပညာနှီးနှောဖလှယ်ပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် အင်္ဂလန်နိုင်ငံအခြေစိုက် Royal College of Practitioners(RCGP)နှင့် Brighter Future Foundation(UK) တို့ ပူးပေါင်းကျင်းပသော လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်းမြှင့်တင်ရေးနှီးနှောဖလှယ်ပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီခွဲအထိ မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက်၊ သိမ်ဖြူလမ်းတွင်ကျင်းပမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဆရာဝန်များအားလုံး တက်ရောက်နိုင်ရန်ဖိတ်ကြားအပ်ပါသည်။

Dr.Caroline Nixon, Programme Director GP training scheme, Oxford Deanery,
Dr.Eleanor Vogel, Royal College of GP International Representative တို့မှ ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ (ဝင်ကြေးအခမဲ့)

ကျေးရှူးရှင် မေဃဝတီဆရာတော်ကြီး၏ (၉)နှစ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် မေဃဝတီဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသည့် (၉)နှစ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်) ၁၁-၁၀-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် သဃန်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ မေဃဝတီတောရကျောင်းတိုက်၌ စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတသံဃာဆေးရုံပဓာနဦးဆောင်ကျစွာ ဆရာတော် ဒေါက်တာဘဒ္ဒန္တလက္ခဏထေရ်မှ တရားတော်များချီးမြှင့်ဟောကြားပြီး ပင့်သံဃာ (၅၀)ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် လှူဒါန်း၊ ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ မေဃဝတီဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်၊ စေတနာရှင်များမှ ကြွရောက်၍ အတူတကွကုသိုလ် အမျှရယူကြပါရန် လေးမြတ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့
မေဃဝတီတောရကျောင်းတိုက်
ဖုန်း-၀၁-၂၅၄၇၁၀၊ ၀၁-၅၇၃၃၉၉

ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းအပေါင်းတို့

သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်း၏ ၁၉၅၄ စာသင်နှစ်မှ ယနေ့ကာလအထိ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော ဆရာ၊ ဆရာမများအတွက် **ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်ပွဲ**အခမ်းအနားနှင့် ကျပ်ငါးသောင်းနှင့်အထက် မတည်ငွေပဒေသာပင်စိုက်ထူကြသည့် အလှူရှင်များအား **ပထမအကြိမ်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ**အခမ်းအနားကို ၂၇-၁၀-၂၀၁၃ ရက်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းအပေါင်းတို့အား တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

ဖွင့်ပွဲကျင်းပမည့်	နေ့ရက်	- ၂၇-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
	အချိန်	- နံနက် ၉ နာရီတိတိ
	နေရာ	- အထက(၁)၊ သဃ်န်းကျွန်း

အလုပ်အမှုဆောင်အဖွဲ့
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

* ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကို လတစ်လ၏ နောက်ဆုံးရက်သတ္တပတ်(တနင်္ဂနွေနေ့)နေ့တိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးပါမည်။
* ဆေးခန်းဖွင့်ချိန်မှာ နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၁၃း၀၀ နာရီအထိ ဖြစ်ပါသည်။
* မတည်အလှူငွေနှင့် လစဉ်အလှူငွေများကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန် CB Bank(သဃ်န်းကျွန်းဘဏ်ခွဲ) ငွေစုစာအုပ် Account No.0003600100004782

- ဦးအောင်သိန်း(၁၉၆၄)	ဖုန်း-၀၉-၅၁၀၂၉၃၀	- ဆရာမဒေါ်အေးအေးနွဲ့	ဖုန်း-၀၉-၄၂၁၀၇၈၇၃၇
- ဦးခင်မောင်ညွန့်(၁၉၆၇)	ဖုန်း-၀၉-၄၃၁၀၄၀၈၇	- ဆရာမဒေါ်စန်းစန်းမော်	ဖုန်း-၀၉-၇၃၀၀၅၃၁၀
- ဦးတင်ထွန်းအောင်(၁၉၈၀)	ဖုန်း-၀၉-၅၁၃၀၁၈၉	-ဆရာမဒေါ်မြမြခိုင်	ဖုန်း-၀၉-၄၃၀၅၅၂၈၄
- ဦးချမ်းစိန်(၁၉၆၈)	ဖုန်း-၀၉-၄၃၀၂၃၅၆၀	- ဦးသိန်းထွဋ်ဦး(၁၉၉၄)	ဖုန်း-၀၉-၄၂၁၁၂၅၂၂၆
- ဦးနန္ဒအေး(၁၉၉၆)	ဖုန်း-၀၉-၅၁၁၈၅၀၀	- ဦးသီဟစိုး(၁၉၉၇)	ဖုန်း-၀၉-၇၃၀၀၈၃၆၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၀၂၆)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးမောင်အေးထံမှ အရပ်စာချုပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ အမှတ်(၈-ဘီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးမင်းအောင်[၉/မသန(နိုင်) ၁၁၃၅၁၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးနောက်တွင် အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးထင်လင်းနိုင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(005-B)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
H-P:၀၉-၅၀၃၉၃၀၆

ကားဝယ်လိုသည်။(ပွဲစားမလို)

- Pajero(98) ဗိုက်ဖောင်း၊ ဒီဇယ်၊ အပြာပတ်(ဂ/ဃ)နံပါတ်(ဖားပြုတ်)မဟုတ်။
- Prado(98/99) ခုံသုံးတန်း၊ TZ အဖြူ(သို့)ခဲရောင် ဂ/ဃ နံပါတ်

Ph:098629140, 095145286

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၄၇၁)၊ မြေကွက်တည်နေရာအမှတ်(၄၇၁)၊ သစ္စာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်လှဖြူ ဦးရွှေစိုး) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးရွှေစိုး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်လှဖြူ[၁၂/ဥကတ(နိုင်)၀၄၆၈၃၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်၊ ပျဉ်ဘိုးရွာနေ မအိမွန်ဦး[၁၄/ပတန(နိုင်)၁၇၆၂၇၀] (ဘ)ဦးအောင်ကျော်ဦး၏ပတ်စ်ပို့စာအုပ် M-007797 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **Ph:09-421067111**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ ပြည်တော်သာ(၃)လမ်း၊ အိမ်အမှတ် ပပ-၁၄၁၊ ဒေါ်ခင်သီ၊ မှတ်ပုံတင်အမှတ် NBN-၀၁၃၆၂၈[၇/ကတခ(နိုင်)၀၀၇၀၈၄] အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တိုက်အိမ်နှင့်ပတ်သက်၍ မောင်နှမ(၇)ဦး ပူးတွဲပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ ပဲနွယ်ကုန်းမြို့နေ ဦးအောင်မြင့်[၇/ကတခ(နိုင်)၀၀၆၉၇၂]၊ ရန်ကုန်မြို့နေ ဒေါ်ခင်မို[၇/ကတခ(နိုင်)၀၄၄၁၆၈]တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ ပြည်တော်သာ(၃)လမ်း၊ အိမ်အမှတ် ပပ-၁၄၁ ဟုခေါ်တွင်သော ပဲနွယ်ကုန်းမြို့၊ ကွင်းအမှတ်-၂(ခ)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်-၂၃၊ မြေကွက်အမှတ်-၈၇၊ မြေအကျယ်အဝန်း ၀. ၀၉၂ ဧက (အလျားပေ၈၀ × အနံပေ ၆၀)ရှိ (ဦးစိုးမြင့်အဆောက်အအုံမပါ) ဒေါ်ခင်သီ[၇/ကတခ(နိုင်)၀၀၇၀၈၄](NBN-၀၁၃၆၂၈)အမည်ပေါက်သော မြေနှင့်ယင်းမြေပေါ်ရှိ(၄၅ပင်×၃၀ပင်)တစ်ထပ်တိုက်၊ သွပ်မိုး၊ အိမ်အပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မိဘများဖြစ်သူ ဦးဘိုးရင်နှင့် ဒေါ်သင်းလှတို့ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ ဖခင်ဦးဘိုးရင်သည် ၁၉၈၁ ခုနှစ်တွင်လည်းကောင်း၊ မိခင် ဒေါ်သင်းလှသည် (၁၉၉၉)ခုနှစ်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပြီးသည့်နောက် ဦးအောင်မြင့်၊ ဦးစိုးမြင့်၊ ဦးစိုးတင့်၊ ဦးညွန့်ဦး၊ ဦးညွန့်ကြိုင်၊ ဒေါ်ခင်သီနှင့် ဒေါ်ခင်မိုတို့ မောင်နှစ်မ(၇)ဦးမှ အထက်ဖော်ပြပါ မြေနှင့်အိမ်အားမြန်မာ့ဓလေ့ထုံးတမ်းအရ ပူးတွဲပိုင်ဆိုင်သည့် မြေနှင့်အိမ်ဖြစ်ပါသည်။

ထို့ကြောင့် အမည်ပေါက်သူကဖြစ်စေ၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှဖြစ်စေ၊ အထက်ပါမြေနှင့်အိမ်အပေါ် မောင်နှမ(၇)ဦး သိရှိသဘောတူညီမှုမရှိဘဲ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊စွန့်လွှတ်လှူဒါန်းခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံထားခြင်း၊ ဂရန်သစ်လျှောက်ထားခြင်း၊ ရောင်းချခြင်း အစရှိသော ဆောင်ရွက်မှုများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
၁။ဦးအောင်မြင့်	**ဦးအောင်သန်း(LL.B)**	**ဦးကျော်လှ(LL.B)**
[၇/ကတခ(နိုင်)၀၀၆၉၇၂]	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
၂။ ဒေါ်ခင်မို	**(စဉ်-၂၇၀၀)**	**(စဉ်-၃၄၄၁၁)**
[၇/ကတခ(နိုင်)၀၄၄၁၆၈]	**ရုံး-အမှတ်(၂၄၀)၊ မြေညီထပ်၊ ၃၉ လမ်း(အထက်)**	

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၃၁၇၀၂၂၀၈၊ ၀၉-၃၁၂၃၀၉၃၁၊ ၀၁-၂၄၅၅၇၉

အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ ဝေပုလ္လလမ်း၊ မြေကွက်အမှတ်(၁၁၇၉)၊ အလျားပေ(၄၀)×အနံပေ(၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ရှုပါသွယ်[၁၄/မမက(နိုင်)၁၆၈၉၇၂]ကိုင်ဆောင်သူနှင့် ဒေါ်အေးအေးသန်း[၁၂/ကတတ(နိုင်)၀၂၁၇၁၀]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်းတန်ဖိုး၏ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်မှုအား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟ(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၂၇၄၃၄)
အမှတ်(၆၁၅/က)၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
ဖုန်း-၀၉-၇၃၁၁၇၉၄၁၊ ၀၉-၄၂၈၀၄၁၀၈၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားကျင့်ထုံးကိုဓဥပဒေအမိန့်-၅ နည်းဥပဒေ-၂၀)
လှိုင်သာယာမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၃

မမိုးမိုးအေး	နှင့်	ကိုအောင်မြင့်ဦး
(တရားလို)		**(တရားပြိုင်)**

အထက်ပါအမှု တရားပြိုင် ကိုအောင်မြင့်ဦး၊ အမှတ်(၁၉၆)၊ နဝဒေးလမ်း(၃/၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုမမိုးမိုးအေးက "လင်မယားကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁)နေ့ နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်အတွင်း သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပုံ)ဖြိုးမင်းဇော်
ဒုတိယမြို့နယ်တရားသူကြီး(၂)
လှိုင်သာယာမြို့နယ်တရားရုံး